Voice of Burma

Published by Voice of Burma Information Group Issue No. 742, DECEMBER 27, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN

Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

# ဒေါ်အောင်ဆန်းစုကြည်နေအိမ်ပြင်ခွင့်မရှိဟု ဦးအောင်ဆန်းဦးကိုယ်စားလှယ်ကပြော

**DVB၊ ဒီဇင်ဘာ ၂၃။** ။ အမှုရင်ဆိုင်နေဆဲအိမ်ကို ပြန်လည် ပြင်ဆင်ခွင့်မရှိတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ပြင်မှုကိုရပ်တန့်ပေးဖို့ အမွေဆိုင်အမှုသည် ဦးအောင်ဆန်းဦးရဲ့ကိုယ်စားလှယ်က မြို့တော်ဝန်ဆီတင်ပြခဲ့ပါတယ်။

အင်္ဂါနေ့မနက်မှာ တင်ပြတယ်လို့သိရကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတဦးဖြစ်သူဦးကြည်ဝင်းက ပြောပြပါတယ်၊ "ကျနော်သိတာက ဦးအောင်ဆန်းဦးရဲ့တရားဝင်ကိုယ်စားလှယ် အသစ်ပေါ့၊ နာမည်တော့ မခန့်မှန်းမိဘူး၊ အဲဒီပုဂ္ဂိုလ်က မြို့တော်ဝန်ဆီသွားပြီးတော့ တိုင်တယ်၊ အရေးဆိုတယ်၊ မပြင်ဆင်လိုဘူး၊ အိမ်ပြင်တာကို ရပ်ဆိုင်းပေးဖို့ပေါ့။"

ဒါဟာမြို့တော်ဝန်ဆီ တိုက်ရိုက်တင်ပြခြင်းဖြစ်ပြီး အဲဒီ မတိုင်မီ ၂၁ ရက်နေ့တနင်္လာနေ့ကလည်း ရန်ကုန်တိုင်းတရားရုံးမှာ ဦးအောင်ဆန်းဦးရဲ့ရှေ့နေ ဦးဟန်တိုး နဲ့အဖွဲ့က အိမ်ပြင်မှုကို တားဆီးပေးဖို့ တရားဝင်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် တရားသူကြီးက ဒေါ်အောင်ဆန်းစုကြည်မှာ အခုနေအိမ်အကျယ်ချုပ်အမှုရှိနေတဲ့အတွက် တမှုပြီးမှ နောက်တမှုဆက်ဖို့ပြောခဲ့တယ်လို့ ဆိုပါတယ်။ ဒါကိုလက်မခံနိုင်တဲ့ ကိုယ်စားလှယ်က အခုလိုမြို့တော်ဝန်ဆီသွားတိုင်တာလို့ ယူဆရပါတယ်၊ တည်ဆဲဥပဒေပုဒ်မတချို့အရ ပုံမှန်အားဖြင့်ဆိုရင် အမှုရင်ဆိုင်နေရတဲ့အိမ်ကို ပြင်ဆင်ခွင့်မရှိဘူးလို့သိရပေမယ့် အခုပြင်ဆင်တာ လုံခြုံရေးအရ ပြင်ဆင်တာဖြစ်တဲ့အပြင် မြို့နယ်စည်ပင်ကလည်း ခွင့်ပြုချက်ရထားပြီး ဖြစ်တဲ့အတွက် အိမ်ပြင်မှုကို ဆက်လုပ်သွားမှာဖြစ်တယ်လို့ ဦးကြည်ဝင်းက ပြောဆိုခဲ့ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့က ဒီအိမ်မှာ သူက လက်ဝယ်ရှိသူပေါ့၊ အဓိက က သူ့လုံခြုံရေးအတွက် သူကပြင်နေတယ်၊ အဲဒီမှာ ကျနော်တို့ ၁၅ ရက်နေ့ကရောက်တော့ အိမ်ကိုပတ်ချာလည်ပြီးတော့ ခင်ခင်ဝင်းက လိုက်ပြလို့ကြည့်တာပါ။ ယက်တော ခြံစည်းရိုးကျော်ပြီး ဘယ်နေရာမှာလာပြီးတော့ လဲပြီးနေသွားတယ်ဆိုတဲ့ နေရာကိုလိုက်ပြတယ်၊ လိုက်ပြတော့ အိမ်ကြီးက အတော့်ကိုဆွေးမြေ့ပြီးတော့ ပြင်ဖို့လိုနေတယ်။"

ရှေ့နေဦးကြည်ဝင်းဟာ အခြားရှေ့နေ ဦးထွန်းတင်နဲ့အတူ ဒီနေအိမ်အမွေကိစ္စအတွက် တလျှောက်လုံး အမှုလိုက်လာသူဖြစ်ပြီး ၂၀၀၃ ဒီပဲယင်း အရေးခင်းအပြီး ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးခံရချိန်မှာတော့ ဒီအမှုကို ၂ လတကြိမ်ရုံးချိန်းပေးပြီး စစ်ဆေးမှုမလုပ်ဘဲ အခုအချိန်အထိ ဆိုင်းငံ့ထားခဲ့တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အကျယ်ချုပ်က လွတ်ခါနီးအချိန်မှာ ဦးအောင်ဆန်းဦးဘက်က အမှုပြန်စချင်တဲ့ သဘောမျိုးဖြစ်ပုံရတယ်လို့ ဦးကြည်ဝင်းက သုံးသပ်ပါတယ်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ဆန်းဦးတို့ဟာ ဒေါ်ခင်ကြည်ကွယ်လွန် ပြီးကာစအချိန်ကတည်းက နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးထားတဲ့စာချုပ်တခုရှိပြီး အဲဒီစာချုပ်အရ ဒီနေအိမ်မှာ ဒေါ်အောင်ဆန်းစုကြည်အားနေချင်သလောက် နေခွင့်ပေးထားတာတွေ့ရတယ်ဆိုပြီး ဦးကြည်ဝင်းက ခုလိုဆက်ပြောပြခဲ့ပါတယ်။

"၅၊ ၁၊ ၈၉ တနည်းအားဖြင့်ပြောရင် ဒေါ်ခင်ကြည်ဆုံးတာ ၂၇၊ ၁၂၊ ၈၈၊ ဒေါ်ခင်ကြည်ဆုံးပြီးတော့ တပတ်လောက်အတွင်းမှာ သဘောတူညီချက်ရှိတယ်၊ အရပ်စကားနဲ့ပြောရင် ကိုယ့်ညီမ ဒီအိမ်မှာပျော်သလောက်နေ၊ အကယ်၍ ဒီအိမ်ကိုရောင်းမယ်ပြုမယ်ဆိုရင် ကုန်ကျစရိတ်တွေပါနုတ် ပြီးတော့မှ တဝက် သူ့ကိုပေး၊ အဲဒါကို သဘောတူထားတယ်။"

ဒီကိစ္စ ၂ ခုစလုံးအတွက် အမှုသည် ဒေါ်အောင်ဆန်းစုကြည်နဲ့ ၂၄ ရက်နေ့မနက်ဖြန် တွေ့ဆုံခွင့်ပေးဖို့ တောင်းခံထားပြီး တွေ့ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ဦးကြည်ဝင်းက ပြောပါတယ်။ ဒီအမှုတွေနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်အား တရားရုံးချုပ်က မနက်ဖြန် ဆင့်ခေါ်ထားတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေမှုကိုတော့ သူဘာမှ မသိ သေးဘူးလို့ ဦးကြည်ဝင်းက ဖြေကြားခဲ့ပါတယ်၊


| | | | | |
|---|---|---|---|---|
| တရုတ် ဒုဩမ္မတ ကြွပ်ပြေးနေပြည်တော် ရောက်ရှိ | ပါတီဝင်တွေရဲ့ကိုယ်ရေးအချက်အလက်ကောက်ခံမှု ဥပဒေနဲ့ မညီဟု အဖွဲ့ ချုပ်ဆို | ဒေါ်အောင်ဆန်းစုကြည်အမှုအယူခံ ကြားနာစစ်ဆေးရန်လက်ခံ | ပြည်သူ့စစ်ဖွဲ့ရေး အက်စ် အက်စ်အေ မြောက်ပိုင်းတပ်မှူးများ ဆွေးနွေးနေဆဲ | အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဖော်ဝပ်ဘလော့ပါတီညီလာခံ၌မြန်မာ့အရေးဆွေးနွေး |
| စာမျက်နှာ ၄ | စာမျက်နှာ ၇ | စာမျက်နှာ ၁၃ | စာမျက်နှာ ၁၅ | စာမျက်နှာ ၁၈ |

## VOB အာဘော်

# လူ့အခွင့်အရေးနှင့်မြန်မာပြည်

ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာနိုင်ငံတွင်းဆိုးရွားလှသောလူ့အခွင့်အရေးအခြေအနေများအပေါ် ပြစ်တင်ရှုတ်ချလိုက်သည့် ဆုံးဖြတ်ချက်တခုကို ချမှတ်လိုက်ပေသည်။ အမေရိကန်၊ အီးယူ၊ ဂျပန်ကဲ့သို့သော ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုတန်ဖိုးထားသောနိုင်ငံ ၈၆ နိုင်ငံက ထောက်ခံမဲပေးခဲ့ကြသည်။ လွတ်လပ်မှုနှင့် အခြေခံလူ့အခွင့်အရေးများကို လေးစားခြင်းမရှိသော ရုရှား၊ တရုတ်ကဲ့သို့သောနိုင်ငံ ၂၃ နိုင်ငံက ကန့်ကွက်ခဲ့ကြသည်။ မဲမပေးပဲနေသောနိုင်ငံ ၃၉ နိုင်ငံရှိသည်။ မြန်မာနိုင်ငံတွင်းလူ့အခွင့်အရေးအခြေအနေများကို ကုလသမဂ္ဂက အလေးထားစောင့်ကြည့်နေသည်မှာ လက်ရှိစစ်အာဏာရှင်များ ၁၉၈၈ ခုနှစ်တွင် အာဏာသိမ်းကတည်းကဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျကျူးလွန်သည်ဆိုသော အစီရင်ခံစာများကို ကုလသမဂ္ဂ၏ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ်အပါအဝင်၊ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများက မှတ်တမ်းတင်ထုတ်ဖော်ထားကြသည်။

ထို့ကြောင့်ပင် ကုလသမဂ္ဂက မြန်မာပြည်၏လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ တိုးတက်ကောင်းမွန်လာစေရန် အုပ်ချုပ်သူစစ်အာဏာပိုင်များကို တိုက်တွန်းပြောဆိုနေခြင်းဖြစ်သည်။ မြန်မာစစ် အာဏာရှင်များက လူ့အခွင့်အရေးနှင့်ပတ်သက်သောကိစ္စမှန်သမျှကို နိုင်ငံရေးအရ ထိုးနှက်ချက်တခုအဖြစ်ရှုမြင်ကာ ကုလသမဂ္ဂ၏ပြောဆိုလုပ်ဆောင်ချက်များကို လက်မခံပယ်ချနေခဲ့ပေသည်။ ယခုနှစ်တွင်လည်း ကုလသမဂ္ဂဆိုင်ရာ နအဖသံအမတ်သည် အထွေထွေညီလာခံ၏ဆုံးဖြတ်ချက်ကို ပယ်ချလိုက်သည်။ မြန်မာနိုင်ငံတွင်း၌ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပွားနေသည်မှာ အမှန်ပင်ဖြစ်သည်။ ဤသည်ကို စစ်အာဏာရှင်များအနေဖြင့် အသိအမှတ်ပြုလက်ခံရမည်ဖြစ်သည်။ မည်သို့မျှငြင်းဆန်၍မရပေ။ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များ၊ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ၏အစီရင်ခံစာများပါ အကြောင်းအချက်များသည် နိုင်ငံရေးဦးတည်ချက်ဖြင့် လုပ်ဆောင်နေသည်၊ နိုင်ငံရေးထိုးနှက်ချက်ဖြစ်သည်ဆိုသည့်စကားလုံးများဖြင့် လက်မခံပယ်ချနေရုံဖြင့် မြန်မာပြည်တွင်းမှ လူ့အခွင့်အရေးချိုးဖောက်မှုများရပ်တန့်သွားမည်မဟုတ်ဆိုသည်ကို နားလည်လက်ခံရသင့်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေအစဉ်အလာများနှင့် တိုင်းတာ၍ မြန်မာပြည်သူပြည်သား၏လွတ်လပ်ခွင့်နှင့် အခြေခံလူ့အခွင့်အရေးများကို တိုင်းတာခြင်းထက် ကုလသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အကြောင်းအချက်များဖြင့်တိုင်းတာခြင်းကသာလျှင် ပိုမိုမှန်ကန်ကာ မြန်မာပြည်သူပြည်သားများ လူ့ဂုဏ်သိက္ခာရှိရှိဖြင့် လူ့ဘဝတွင် တန်ဖိုးရှိရှိဖြင့်နေထိုင်နိုင်မည်ဖြစ်သည်။ အခြေခံလူ့အခွင့်အရေးများကို ရရှိခံစားနိုင်ပါက မိမိတို့ လူမှုပတ်ဝန်းကျင်တိုးတက်ရေး၊ ငြိမ်းချမ်းရေးအတွက် ပါဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ သို့ဆိုလျှင် ခေတ်မီတိုးတက်သောလူမှုအသိုင်းအဝိုင်း၊ နိုင်ငံကို ထူထောင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် လူမှုပတ်ဝန်းကျင်တိုးတက်သာယာရေး၊ တည်ငြိမ်အေးချမ်းရေးသည် အခြေခံအကျဆုံးသော လူ့အခွင့်အရေးများကို မည်မျှရရှိခံစားနေရသနည်းဆိုသည့်အချက်ဖြင့် တိုင်းတာနိုင်ခြင်းကြောင့် နအဖစစ်အာဏာရှင်များအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာပြည်၏လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

---

# အဲန်အယ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့တိုးချဲ့ဖွဲ့စည်းမည်

**NEJ၊ ဒီဇင်ဘာ ၂၄။** ။ အဲန်အယ်လ်ဒီပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည့်ကိစ္စနဲ့ပတ်သက်၍ အမှုဆောင်အဖွဲ့ဝင်များကို နောက်ထပ်တိုးချဲ့မည်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မျက်နှာစုံညီတွေ့ဆုံပြီးမှသာ အတည်ပြုဆုံးဖြတ်နိုင်မယ်လို့ ပါတီအလုပ်အမှုဆောင်တဦးဖြစ်သူ ဦးခင်မောင်ဆွေက ပြောပါတယ်။

“အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့ စီအီးစီ ပြန်လည်ဖွဲ့စည်းဘို့ အစကတည်းကဆွေးနွေးပြီးသားရှိပါတယ်။ ဒါကို ကြေညာချက်လည်းထုတ်ထားတာရှိပါတယ်။ စီအီးစီပြန်လည်ဖွဲ့စည်းဘို့ကိစ္စဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ စီအီးစီ မျက်နှာစုံညီ ၁၁ ဦး တွေ့တဲ့အခါကျရင် ဒါကို ညှိနှိုင်းဆွေးနွေးပြီးတော့ အကောင်အထည်ဖော်လုပ်ဆောင်သွားမယ်ဆိုတဲ့ဟာ ကြေညာချက်ထုတ်ထားတာရှိပါတယ်။ အဲလို တွေ့ခွင့်ရတဲ့အခါ ဒါကို ပြောဆိုညှိနှိုင်းတိုင်ပင်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုနေခါမှာတော့ သဘောထားတွေဘဲပြောနေတာဖြစ်ပါတယ်။ ဘာမှ action လုပ်ဆောင်ခြင်းမရှိသေးပါဘူးခင်ဗျ။” လို့ပြောပါတယ်။

၂၀၀၉ ခု၊ အောက်တိုဘာ ၂၂ ရက်နေ့ အဲန်အယ်လ်ဒီအထူးကြေညာချက်တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တိုးချဲ့ရေးနှင့် ဗဟိုဦးစီးအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အဆိုပါကိစ္စကို အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ တွေ့ဆုံခွင့်ရတဲ့အခါ ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်မည်ဟူ၍၎င်း၊ ထိုသို့မဟုတ်ပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးဥပဒေကို သက်ဆိုင်ရာမှထုတ်ပြန်ကြေညာသည့်အခါတွင် လိုအပ်သလို ဆောင်ရွက်မည်ဟူ၍၎င်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ပြီးဖြစ်ပါသည်ဟု ပါရှိသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီပါတီ၏ သက်ကြီးပိုင်းခေါင်းဆောင်များဖြစ်ကြသည့် ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ပါတီအတွင်းရေးမှူး ဦးလွင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်တို့သည် ဒီဇင်ဘာ ၁၆ ရက်တွင် တွေ့ဆုံခဲ့ပြီး လက်ရှိဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

ထိုသို့ဆွေးနွေးခဲ့ပြီးနောက်ပိုင်းတွင် အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ အောက်ခြေမှပါတီဝင်များကရွေးကောက်တင်မြှောက်ခြင်းနှင့် ဗဟိုအဆင့်ကရွေးချယ်၍ ယာယီတာဝန်ပေးခြင်းဆိုသည့် အမြင်နှစ်မျိုး ပါတီတွင်း၌ထွက်ပေါ်ခဲ့သည်။ ပါတီဝင်များက တနိုင်ငံလုံးအတိုင်းအတာနှင့် ညီလာခံတခုခေါ်ပေးရန်လည်း တောင်းဆိုခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဦးခင်မောင်ဆွေက “လတ်တလောမှာတော့ အောက်ခြေအဲန်အယ်လ်ဒီကပြောတာကို ကျနော်တို့ လေးလေးစားစားနဲ့ခံယူပြီးတော့ မှတ်တမ်းတင်ထားပါတယ်။ ဒါတွေဟာ တချိန်တခါမှာတော့ လုပ်ပေးရမယ့်ဟာတွေဖြစ်ပါတယ်။ ကျနော်တို့အဲန်အယ်လ်ဒီဟာ စတင်ဖွဲ့ချိန်ကစပြီး အခုထိ နိုင်ငံလုံးကျွတ်ညီလာခံဆိုတာ ခေါ်ဘို့ အခက်အခဲတွေရှိခဲ့လို့ တခါမှမခေါ်ခဲ့နိုင်ပါဘူး။ အဲဒါကြီးကိုခေါ်ဘို့ဟာ လက်တွေ့မှာမဖြစ်နိုင်သေးပါဘူး။” လို့ ပြောပါတယ်။

အဲန်အယ်လ်ဒီအဖွဲ့ဝင်များ၏ဆန္ဒကို ဗဟိုအလုပ်အမှုဆောင်အနေဖြင့် မပြစ်ပယ်ကြောင်း၊ သို့သော် လက်တွေ့၌ အကောင်အထည်ဖော်မရသည့်အပိုင်းတွင်

**စာမျက်နှာ ၁၈ သို့**

# ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အင်္ဂါဆုတောင်းမှုများ ဆက်လက်ပြုလုပ်

**DVB၊ ဒီဇင်ဘာ ၂၃။** ။ နယ်အဖွဲ့ချုပ်ဝင်တွေ အင်္ဂါနေ့တိုင်းပြုလုပ်နေတဲ့ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးဝတ်ပြုဆုတောင်းမှုတွေကို ဒီနေ့ ရေနံချောင်းမြို့မှာ ၄ မြို့နယ် စုပေါင်းပြုလုပ်ခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး မိတ္ထီလာ၊ သာစည်နဲ့ ပဲခူးမြို့က အင်္ဂါဝတ်ပြုဆုတောင်းသူ အဖွဲ့ချုပ်ဝင်တွေဟာ ရေနံချောင်းမြို့က ဒေါ်ခင်စောဌေးတို့အဖွဲ့နဲ့ ပေါင်းပြီး ဒီနေ့ ဆုတောင်းခဲ့ကြပါတယ်။ မိတ္ထီလာက ဒေါ်မြင့်မြင့်အေးနဲ့အဖွဲ့၊ သာစည်က ဒေါ်နွဲ့ယဉ်နဲ့ ပဲခူးမြို့က ဒေါ်ခင်ညွန့်မှုတို့ဟာ ရေနံချောင်းမြို့က အဖွဲ့ချုပ်ဝင် ၂၀ လောက်နဲ့အတူ ရေနံချောင်းမြို့ စနေနံဘုရားနဲ့ ရတနာ့မဏ္ဍူဘုရားတွေမှာ ဆုတောင်းခဲ့ကြတာပါ။ ဒီတပတ် ဝတ်ပြုဆုတောင်းမှုကို ၄ မြို့နယ်စုပေါင်းပြုလုပ်တဲ့ ရည်ရွယ်ချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မကွေးတိုင်း အမျိုးသမီးတာဝန်ခံ ဒေါ်ခင်စောဌေးက ရှင်းပြပါတယ်။

“ကျမတို့က အထူးပေ့ါနော်၊ စုပေါင်းပြီးတော့ စိတ်တူကိုယ်တူ၊ သဘောထားတူညီစွာနဲ့ ကျမတို့ရဲ့ လှုပ်ရှားမှုလေးတရပ်ကို ဖော်ဆောင်လိုက်တာပေ့ါ။ ကျမတို့ နိုင်ငံရေးအကျဉ်းသမားတွေဟာ ဒီနေ့မှာ လွတ်မြောက်စေချင်တဲ့ဆန္ဒရှိတယ်။ လွတ်လည်း လွတ်ပေးရမှာပဲ။ လွတ်လပ်ရေးနေ့မှာ ကျမကတော့ လွတ်ပေးမယ်လို့လည်း ထင်တယ်။ အထူးသဖြင့် ဒီလို ၂၀၁၀ ရွေးကောက်ပွဲ နီးတဲ့အခါမှာ ကျမတို့က တိုင်းရင်းသားခေါင်းဆောင်များဖြစ်တဲ့ ဦးခွန်ထွန်းဦးတို့ အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားအားလုံး၊ ကိုကိုကြီး၊ မင်းကိုနိုင်တို့ အားလုံးလွတ်မြောက်ပါစေလို့ ဆုတောင်းရင်း သိုက်သိုက်ဝိုင်းဝိုင်းနဲ့ ကျမတို့ ဆုတောင်းပွဲဟာ ဒီနေ့ တော်တော်စည်စည်ကားကားလေး ဖြစ်သွားပါတယ်။”

အင်္ဂါဆုတောင်းသူတွေ ရေနံချောင်းလာတာနဲ့ ပတ်သက်ပြီး နယ်မြေခံရဲအဖွဲ့က မနေ့ညပိုင်းက လာရောက်စုံစမ်းမေးမြန်းသွားတယ်လို့လည်း ဒေါ်ခင်စောဌေးက ပြောပါတယ်။ ပဲခူးတိုင်း ဇီးကုန်းမြို့က အဖွဲ့ချုပ်ဝင်တချို့ကလည်း ဒီနေ့မြသိန်းတန်ဘုရားထံသွားရောက်ဆုတောင်းခဲ့ကြတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဇီးကုန်းမြို့နယ် ဥက္ကဋ္ဌဒေါ်ခင်ဝိုင်းက ပြောပါတယ်။

“အန်တီတို့က အဖြူရောင် ကန်ပိန်းမှာပဲ ပန်းအဖြူတွေ အမွှေးတိုင် ၁၁ တိုင်၊ အလင်းတိုင် ၁၁ တိုင်၊ ပန်းအဖြူရောင်နဲ့ ဘုရားမှာဝတ်ပြုတယ်။ ၅ ပါး သီလခံပြီး ၂၄ ပဌာန်းကို သုံးကြိမ်ရွတ်တယ်။ နောက်ပြီးတော့ ဒေါ်အောင်ဆန်း စုကြည်နဲ့နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးလွတ်မြောက်ပါစေလို့ သုံးကြိမ်ဆုတောင်းတယ်၊ အားလုံးကို ကျန်းမာပါစေ ချမ်းသာပါစေဆိုပြီး မေတ္တာပို့တယ်။”

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလှုပ်ရှားနေတဲ့ မိတ္ထီလာ၊ ရေနံချောင်း၊ ဇီးကုန်း စတဲ့မြို့နယ်တွေက အဖွဲ့ချုပ်ဝင်တွေဟာ အဖွဲ့ချုပ်ဗဟို အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည် ပြင်ဆင်ဖွဲ့စည်းဖို့ တောင်းဆိုထားသူတွေဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကိုပြန်လည်ဖွဲ့စည်းမယ်လို့ ပြောကြားလိုက်တဲ့အတွက် ဘယ်လိုပုံစံမျိုးဖွဲ့စည်းစေချင်ပါလဲလို့ သဘောထားနဲ့ ပတ်သက်ပြီး ဒေါ်ခင်ဝိုင်းက ခုလိုသုံးသပ်ပါတယ်။

“ကျမတို့ အနေနဲ့ကတော့ စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို သွားချင်တယ်ဆိုရင်၊ ဒီမိုကရေစီကျကျလုပ်မယ်ဆိုရင် အထက်ကနေ ဗဟိုဦးစီးဆန်စွာနဲ့လုပ်တဲ့ဟာကို ကျမတို့က သဘောမကျပါဘူး။ သဘောမကျတဲ့ အတွက်ကြောင့် အောက်ခြေကနေ၊ မြို့နယ်ရပ်စည်းကနေပြီးတော့ သွားတဲ့ဟာ သူတို့သိတယ်။ ဘယ်သူအလုပ်လုပ်တယ် မလုပ်ဘူး။ ဘယ်သူဟာ စစ်မှန်တဲ့ ဒီမိုကရေစီလမ်း ကြောင်းပေါ်သွားတယ်။ မသွားဘူးဆိုတာ သိတယ်။ အခု ၂၁ နှစ် ဆိုတဲ့ ကာလက တော်တော်ကြီးကို ရှည်ကြာလာတဲ့အခါ ရွေးတဲ့အခါမှာ စစ်မှန်တဲ့၊ ပြည်သူအတွက် တကယ်အလုပ်လုပ်တဲ့ လူတွေကို ရွေးဖို့ ကောင်းတယ်။”

အလားတူ ဒေါ်ခင်စောဌေးကလည်း သူ့ရဲ့သဘောထားကို ရှင်းပြပါတယ်။

“တကယ်တမ်းကျတော့ ဘယ်သူတွေဟာ တကယ်လုပ်နိုင်တယ် မလုပ်နိုင်ဘူးဆိုတာ သမိုင်းတလျှောက်လုံး သိနေကြတာပဲ။ ဆုံးဖြတ်ချက် မှန်မှန်ကန်ကန်နဲ့သတ္တိရှိတဲ့လူတွေပဲ အန်တီကတော့ ခေါင်းဆောင်စေချင်တယ်၊ နောက်တခုက မြို့နယ်တွေအားရှိမှ ဗဟိုအားရှိတာ၊ မြို့နယ်တွေရဲ့အသံကို သေချာနားထောင်စေချင်ပါတယ်။ အားလုံး မြို့နယ်တွေနဲ့စုစည်းပြီး စကားပြောပြီးတော့ ဆုံးဖြတ်တာပိုပြီးတော့ မှန်ကန်လိမ့်မယ်လို့လည်း အန်တီက ယုံကြည်ပါတယ်။”

အဖွဲ့ချုပ်ဗဟို ပြန်ကြားရေးအဖွဲ့ကတော့ စီအီးစီအဖွဲ့ကို ဘယ်လိုပြင်ဆင်တိုးချဲ့ဖွဲ့စည်းမလဲဆိုတဲ့ကိစ္စကို ဒေါ်အောင်ဆန်းစုကြည်နဲ့ စီအီးစီအဖွဲ့ စုံညီတွေ့ဆုံခွင့်ရမှ အတိအကျသိရမှာဖြစ်တယ်လို့ ပြောကြားထားပါတယ်။

# ရေလုပ်ငန်းနဲ့ ဒီရေတော ပေါင်းစပ်ရေးစီမံကိန်းများကို စတင်လုပ်ဆောင်မည်

**DVB၊ ဒီဇင်ဘာ ၂၃။** ။ ရေလုပ်ငန်းနဲ့ ဒီရေတော ပေါင်းစပ်စီမံကိန်းတရပ်ကို နာဂစ်ဘေးဒဏ်သင့်ဒေသတွေမှာ မကြာခင် စတင်တော့မှာ ဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ဖို့ ဒီရေတောတွေ စိုက်ပျိုးတဲ့အခါ ဆားငန်ရေမှာ ကျက်စားတဲ့ ငါး၊ ပုဇွန်၊ ဂဏန်း တပါတည်း မွေးမြူတဲ့ စီမံကိန်းဖြစ်ပါတယ်။ ဒီရေတောတွေ ပြန်စိုက်တဲ့အခါ ဒေသခံတွေရဲ့စားဝတ်နေရေးကိုပါ ပြေလည်စေအောင် ဒီစီမံကိန်းကို ပြုလုပ်တာလို့ သစ်တော သယံဇာတပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဖွံ့ဖြိုးရေးအသင်း ဒုဥက္ကဋ္ဌဦးအုန်းက ပြောပါတယ်။

“နာဂစ်ဖြစ်ပြီးတဲ့နောက် သဘာဝတောတွေ ပျက်သွားတယ်၊ ဒီရေတောပျက်သွားတဲ့အခါကျတော့ ဒီရေတောကို မှီခိုနေတဲ့ ငါး၊ ပုဇွန်၊ ဂဏန်းတွေလည်း လျော့သွားတယ်။ လူတွေက ဆင်းရဲတော့ ငါးပုဇွန်တို့ ဂဏန်းတို့ ပိုဖမ်းပေမယ့် ထင်သလောက်မရဘူး။ မရတော့ ဒီရေတောထူထောင်ရုံလောက်နဲ့မလုံလောက်ဘူး။ ဒီရေတောလည်း ထူထောင်ရင်းနဲ့ သူတို့ရဲ့ဝင်ငွေ စားဝတ်နေရေးအတွက် အဆင်ပြေအောင် ငါးတို့ ပုဇွန်တို့ ဂဏန်းတို့ တနိုင်တပိုင်ပေ့ါ၊ စီးပွားဖြစ်အတိုင်းအတာမဟုတ်ဘဲနဲ့ အုပ်စုအကျိုးစီးပွား အခြေခံအတိုင်းအတာ အဖွဲ့ငယ်အတိုင်းအတာအကျိုးတူစီပွားရေးအဖွဲ့ဝင်များမှုဝါဒတရပ်လို့ကျနော်တို့ယူဆတယ်”။

“ဒီရေတောကို စိုက်ရတာ မခက်ဘူး၊ ကျနော်တို့ ၁၄၊ ၁၇ မျိုးလောက် လွန်ခဲ့ တဲ့ ၁၂ နှစ်က စိုက်တာ အောင်မြင်ပါတယ်။ စိုက်ရတာ မခက်သော်လည်း ထိန်းရတာအလွန်ခက်ပါတယ်၊ ကိုယ်စိုက်တဲ့တောကို သူများက ညလာခုတ်တယ်၊ မခုတ်အောင် ကိုယ့်တောထဲမှာ ငါး၊ ပုဇွန်၊ ဂဏန်းလေး မွေးတယ်။ တဲလေးတွေနဲ့ ကိုယ့်တောလည်း ထိန်းသိမ်းရင်း ငါး၊ ပုဇွန်လည်း မွေးရင်းနဲ့ သူတို့ရဲ့ဘဝရပ်တည်အောင် ထိန်းသိမ်းမှုလည်း ထိရောက်မှုပိုဖြစ်သွားအောင်ရည်ရွယ်ပါတယ်။”

ဧရာဝတီတိုင်း ဖျာပုံခရိုင် အမန်မြို့နယ်မှာ ၂၀၁၀ နှစ်ဆန်းပိုင်းကစပြီး စီမံကိန်းကို စတင်မှာဖြစ်ပါတယ်။ ၁ နှစ် ၂ နှစ်အတွင်း စီမံကိန်း အောင်မြင်တယ်ဆိုရင် ဧရာဝတီတိုင်းမှာ တိုးချဲ့လုပ်ဆောင်မယ်လို့လည်းဆိုပါတယ်၊ အဲဒီလိုစိုက်ပျိုးရာမှာ သစ်တမျိုးတည်းကို ရွေးစိုက်တာမျိုးမဟုတ်ဘဲ အမျိုးအစား များများစိုက်ပျိုးမယ်။ အဲဒီလိုစိုက်ခြင်းအားဖြင့် သုတေသနလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေမယ်လို့ ဦးအုန်းက ဆက်ပြောပါတယ်။

“လာမယ့်နှစ်ဆိုလို့ရှိရင် ငွေကြေးထောင်ပံ့တဲ့ အဖွဲ့အစည်းလည်းရှိတဲ့အတွက် သစ်မျိုးတွေ ခပ်များများပေ့ါ ဥပမာ တမျိုးတည်းကို ဧက ၂၀၊ ၂၅၊ ၃၀ မစိုက်ဘဲနဲ့ သစ်တမျိုးကို ၂ ဧက၊ အလွန်ဆုံး ၅ ဧကပေ့ါ။ အဲဒီတော့ ကျနော်တို့ သစ်မျိုးစုံကို စိုက်တက်သွားတယ်။ သစ်မျိုးစုံကို လေ့လာလို့ရတယ်။ အဲဒါကို သုတေသနပြုပြီးတော့ အပြန်အလှန်ပေ့ါ။ မြန်မာပြည်က ပညာရှင်တွေ၊ နိုင်ငံခြားပညာရှင်တွေ ဒီကဟိုသွားတယ်၊ ဟိုကလူ ဒီလာ၊ ဖလှယ်ကြတယ်၊ အပြန်အလှန် လုပ်ငန်း ဆက်သွယ်ရေးလုပ်တယ်။”

# တရုတ် ဒု-သမ္မတ ကြပ်ပြေးနေ ပြည်တော် ရောက်ရှိ

**DVB၊ ဒီဇင်ဘာ ၁၉။** ။ တရုတ်နိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် မြန်မာနိုင်ငံကို ဒီနေ့ရောက်ရှိပါတယ်။ အာရှ ၄ နိုင်ငံကို ချစ်ကြည်ရေးခရီးလှည့်နေတဲ့ တရုတ် ဒုတိယသမ္မတဟာ ဒီနေ့မွန်းလွဲမှာ တောင်ကိုရီးယားနိုင်ငံကနေ မြန်မာနိုင်ငံရန်ကုန်မြို့ကို ရောက်ရှိလာတာဖြစ်ပါတယ်။

ရန်ကုန်လေဆိပ်မှာ သူ့ကို တရုတ်နိုင်ငံသား အများအပြားက အလံတွေ ဝှေ့ယမ်း ကြိုဆိုကြပြီး သူတည်းခိုမယ့် ဆီဒိုးနားဟိုတယ်နားမှာ လက်နက်ကိုင်တပ်ဖွဲ့တွေ တင်းတင်း ကျပ်ကျပ် ချထားတယ်လို့ ရန်ကုန်မြို့ခံတွေက ပြောပါတယ်။ မစ္စတာရှီကျင့်ဖျင်ဟာ မြန်မာနိုင်ငံမှာ နှစ်ရက်တာနေထိုင်မှာဖြစ်ပြီး ရန်ကုန်ကျောက်မျက်ပြတိုက်နဲ့ ရွှေတိဂုံစေတီတို့ကို သွားရောက်ဖူးမြော်မယ်လို့ တာဝန်ရှိသူတွေကို ကိုးကားပြီး အေဂျင်စီသတင်းတွေမှာ ဖော်ပြပါတယ်။ တရုတ်ဒုတိယသမ္မတဟာ နေပြည်တော်ကို သွားရောက်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် စစ်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ရှိပြီး နှစ်နိုင်ငံစီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေအတွက် နားလည်မှုစာချွန်လွှာ အများအပြား ချုပ်ဆိုမယ်လို့လည်း သိရပါတယ်။

ဒီခရီးစဉ်ဟာ ချစ်ကြည်ရင်းနှီးမှုအစဉ်အလာကို ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်ဖို့၊ နှစ်နိုင်ငံ ဘုံအကျိုးစီးပွားအတွက် မြန်မာခေါင်းဆောင်တွေနဲ့ အမြင်ချင်းဖလှယ်ဖို့ ရည်ရွယ်တယ်လို့ မစ္စတာရှီက ပြောတဲ့အကြောင်း တရုတ်အစိုးရရဲ့ဆင်ဟွာသတင်းမှာဖော်ပြပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရိုအမြဲတမ်း ကော်မတီဝင်ဖြစ်တဲ့ မစ္စတာရှီဟာ သမ္မတဟူကျင်တောင်ရဲ့ အရိုက်အရာကို ဆက်ခံမယ့်သူလို့ တရုတ်ပြည်သူတွေက လက်ခံထားပြီး သူ့ရဲ့မြန်မာပြည်ခရီးဟာ တရုတ်-မြန်မာ ရေရှည်ဆက်ဆံရေးအတွက် ရည်ရွယ်တဲ့ခရီးစဉ်ဖြစ်တယ်လို့ ဗမာပြည်ကွန်မြူနစ်ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ရဲဘော်ဖိုးသံချောင်းက သုံးသပ်ပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာ သန်း ၁,၃၀၀ ကျော် ရင်းနှီးမြှုပ်နှံထားပြီး စတုတ္ထမြောက်အများဆုံးရင်းနှီးမြှုပ်နှံထားတဲ့နိုင်ငံပါ။

တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုကတော့ မနှစ်က အမေရိကန်ဒေါ်လာသန်း ၂,၆၀၀ လောက်ရှိတယ်လို့ တရုတ်အစိုးရ ထုတ်ပြန်တဲ့ စာရင်းအရ သိရပါ တယ်။ မစ္စတာရှီကျင့်ဖျင်ဟာ မြန်မာအပါအဝင် ဂျပန်၊ တောင်ကိုရီးယားနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ကို ခရီးလှည့်လည်နေတာဖြစ်ပြီး ဂျပန်နဲ့တောင်ကိုးရီးယားနိုင်ငံတွေကို ပြီးခဲ့တဲ့ ရက်ပိုင်းက သွားရောက်ခဲ့ပြီးပါပြီ။ မြန်မာနိုင်ငံခရီးစဉ်အပြီး မနက်ဖြန်မှာ ကမ္ဘောဒီးယားကို ခရီးဆက်ဦးမှာပါ။ တရုတ်ဒုတိယသမ္မတဟာ ၂၀၀၀ ပြည့်နှစ်မှာ အဲဒီတုန်းက ဒုသမ္မတ ဟူကျင်တောင် မြန်မာနိုင်ငံကို ရောက်ရှိခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံကိုရောက်ရှိတဲ့ တရုတ်အဆင့် အမြင့်ဆုံးခေါင်းဆောင်တဦးဖြစ်ပါတယ်။

# ဆိုင်ကယ်လိုင်စင်ကြေး လျှော့ပေး

**DVB၊ ဒီဇင်ဘာ ၂၁။** ။ အခုလဆန်း ၁ ရက်ကစပြီး မြန်မာတပြည်လုံးစတင်လုပ်ပေးနေတဲ့ ဆိုင်ကယ်လိုင်စင်အတွက် ကုန်ကျရိတ်မြင့်မားလွန်းပြီး လုပ်တဲ့သူနည်းနေတဲ့အတွက် သက်ဆိုင်ရာ အာဏာပိုင်တွေက လိုင်စင်ကြေးလျှော့ပေးနေပါတယ်။

ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန ကညနက လုပ်ပေးနေတဲ့ (၁၇/ယ) မော်တော်ဆိုင်ကယ်လိုင်စင်ကြေးကို လျှော့ပေးလိုက်တဲ့အတွက် လိုင်စင်လုပ်သူ များလာတယ်လို့ ကော့သောင်းမြို့ခံတဦးက ပြောပါတယ်။

"တိုင်း အခွန်ကောက်ကနေလျှော့တယ်၊ တနိုင်ငံလုံးအတိုင်းအတာနဲ့ လျှော့ပေးတာပေ့ါ၊ အခုချိန်ထိ လုပ်ပေးတာ ၉ စီးပဲရှိသေးတယ်။"

ဈေးလျှော့ပေးတဲ့နေ့ကစပြီး ကော့သောင်းမှာ လိုင်စင်လုပ်သူ ၉ ဦးပဲရှိသေးပေမယ့် ရှမ်းပြည်နယ်မြောက်ပိုင်း တာချီလိတ်မှာတော့ ၅၀၀ ကျော်ပြီလို့ ဒေသခံတဦးက ပြောပါတယ်။ ဆိုင်ကယ်တစီးရဲ့ကာလပေါက်ဈေးအပေါ် မူတည်ပြီး အကောက်ခွန်၊ ရွေးယူ ဒဏ်ငွေနဲ့ ကုန်သွယ်ခွန် အခြားတွေပါ ပေးဆောင်ရပါတယ်။ မူလသတ်မှတ်ထားချက်အရ ဆိုင်ကယ်မော်ဒယ်အဟောင်း၊ အသစ်အပေါ် မူတည်ပြီး အနည်းဆုံး ကျပ်သုံးသိန်းကျော်ကနေ ခြောက်သိန်းခွဲနီးပါးအထိ ဖြစ်ပေမယ့် အခုလျှော့ပေးလိုက်တဲ့နှုန်းသစ်အရ အနည်းဆုံးနှစ်သိန်းခွဲနီးပါးကနေ အများဆုံး ငါးသိန်း သုံးသောင်းကျော်အထိလို့ ဆိုတာကြောင့် အနည်းဆုံး ခုနစ်သောင်းကနေ တသိန်းကျော် သက်သာသွားပါတယ်။ လိုင်စင်စလုပ်ပေးတဲ့နေ့ကစပြီး ကော့သောင်းမြို့မှာ ယာဉ်ထိန်းရဲတွေက လိုက်လံ ဖမ်းဆီးနေပြီး ဒဏ်ငွေတွေလည်း ရိုက်တယ်လို့မြို့ခံတဦးက ပြောပါတယ်။

"ဆိုင်ကယ်စီး ဦးထုပ်မဆောင်း၊ လမ်းပြောင်းပြန်မောင်း၊ ဆိုင်ကယ် တယောက်စီးရင် လူ ၂ ယောက်နောက်က တင်လာရင် ဖမ်းတယ်၊ ဖမ်းပြီးရင် တယောက်ကို ၇၀၀၀ ဒဏ်ရိုက်တယ်၊ နောက်မှ လိုင်စင်လုပ်တဲ့ လူလည်း ၇၀၀၀ ဒဏ်ရိုက်တယ်၊ လိုင်စင်မရှိတဲ့လူလည်း ၇၀၀၀ ပဲ ဆက်တိုက်ကို ဖမ်းလာတယ်။ ဖမ်းတဲ့နေ့ကနေစပြီး ဒီနေ့အချိန်ထိ တရက်မှ မပြတ်သေးဘူး၊ စီးပွားရေးလုပ်တာ၊ မနက်မိုးလင်းတာနဲ့ မနက် ၈ နာရီကနေ ၁၁ နာရီခွဲ ၁၂ နာရီထိတောင် သူတို့ဖမ်းကြတယ်၊ ဖမ်းပြီးတော့ အဲဒီမှာ ဝေစားမျှစားပဲဖြစ်မှာပေ့ါ။"

ဒီလဆန်း ၁ ရက်နေ့ကစပြီး တရားမဝင်လိုင်စင်မဲ့ဆိုင်ကယ်တွေကို ရန်ကုန်နဲ့ နေပြည်တော် စည်ပင်နယ်နိမိတ်ကလွဲလို့ တနိုင်ငံလုံးမှာစီးနင်းလို့ရတဲ့ဒီ (၁၇/ယ) လိုင်စင်ကို လုပ်ပေးနေပါတယ်။ မနှစ်တုန်းက တိုင်းနဲ့ပြည်နယ်တွေမှာထုတ်ပေးခဲ့တဲ့လိုင်စင်တွေ သက်တမ်း ကုန်ရင် (၁၇/ယ)နဲ့ပဲ အစားထိုး ထုတ်ပေးတော့မယ်လို့လည်း သတင်းတွေထွက်နေပါတယ်။ ကညန စာရင်းအရ မြန်မာတနိုင်ငံလုံးမှာ မော်တော်ဆိုင်ကယ်စီးရေ တသန်းခြောက်သိန်းကျော် ရှိတယ်လို့ သိရပါတယ်။

# HIV ရန်ပုံငွေကဗျာရွတ်ပွဲ ကျင်းပ

**DVB၊ ဒီဇင်ဘာ ၂၁။** ။ အိတ်ချ်အိုင်ဗီပိုင်းရပ်ပိုး ကူးစက်ခံနေရတဲ့ မိဘမဲ့ကလေးတွေအတွက်ရည်ရွယ်ပြီး ရန်ပုံငွေရှာတဲ့ ကဗျာရွတ်ဆိုပွဲတခုကို ရန်ကုန်မြို့ အင်းလျားလမ်းက စိမ်းလမ်းစိုပြည့်ဥယျာဉ်မြက်ခင်းပြင်မှာ မနေ့က ကျင်းပသွားပါတယ်။

ဒီကဗျာရွတ်ဆိုပွဲကို 'အလင်းပျိုးမယ့်လက်များ' လို့ အမည်ပေးထားပြီး လူငယ်အဆိုတော် သားစိုး၊ လင်းနစ်တို့အပါအဝင် လူမှုရေးစိတ်ပါဝင်စားတဲ့ လူငယ် ၁၀၀ လောက် ပါဝင်ဆင်နွှဲကြတယ်လို့ ဒီပွဲကိုကိုယ်တိုင်သွားရောက်သူတွေကပြောပါတယ်။ လူငယ်တဦးက "မျှော်လင့်ချက်နဲ့ အသက်ရှင်နေတဲ့ကလေးတွေအတွက် မရည်ရွယ်ဘဲနဲ့ လူ့လောကထဲရောက်လာကြပြီးမှ မိဘနှစ်ပါးမရှိတော့တဲ့ ကလေးတွေကို စာနာဖို့ ကဗျာလေးတွေ ဝိုင်းရွတ်ကြတာပေ့ါ၊ အားလုံး ၁၄ ပုဒ်လောက်ရှိတယ်။ အဆိုတော် ကိုလင်းနစ်ကတော့ ကလပ်စစ်ကယ်သံစဉ်လေးတွေတီးပြီး ကူညီပေးတယ်" လို့ ပြောပါတယ်။

အိတ်ချ်အိုင်ဗီကူးစက်ခံနေရတဲ့ကလေးတွေရဲ့ အနာဂတ်ဆက်လက်ရှင်သန်ဖို့ အရေးကြီးတဲ့အတွက် ခုလို ကဗျာရွတ်ပွဲမှာပါဝင်ခဲ့တာပါလို့ ဒီပွဲကိုသွားတဲ့ မိန်းကလေးတဦးက ခုလိုပြောပါတယ်။

"ဒါဟာတကယ့်ကို အရေးကြီးပါတယ်၊ ကလေးတွေရဲ့ အနာဂတ်အတွက် ဒီလိုလုပ်ပေးရတာကို အရမ်းဝမ်းသာပါတယ်။ ဘဝတူ လူငယ်တွေအားလုံးကိုလည်း ဒီလိုမျိုးလုပ်ဆောင်ကြဖို့ တိုက်တွန်းချင်တယ်။ အခြားနေရာတွေမှာ လေလွင့်မနေဘဲ ဒီလိုမျိုးလူငယ်တွေ အကုန်လုံးစုပြီး လုပ်တဲ့အလုပ်တွေမှာ ပါဝင်ကြစေချင်ပါတယ်။"

ဒီကဗျာရွတ်ပွဲကို လူငယ်ကဗျာဆရာတွေနဲ့ ဖွဲ့ စည်းထားတဲ့ DOI Poetry Club က စီစဉ်တာဖြစ်ပြီး ပွဲမှာ တီရှပ်အင်္ကျီတွေရောင်းချပြီးတော့လည်း ရန်ပုံငွေရှာတယ်လို့သိရပါတယ်။ ရရှိတဲ့ရန်ပုံငွေတွေကို အိတ်ချ်အိုင်ဗီ ကူးစက်ခံနေရတဲ့ မိဘမဲ့ကလေး ၆၀ ကျော်ကို စောင့်ရှောက်ထားတဲ့ 'သုခရိပ်မြုံ' မိဘမဲ့ကလေးဂေဟာကို သွားရောက် လှူဒါန်းမယ်လို့ သိရပါတယ်။

# ဦးအေးလွင်နှင့်အဖွဲ့ အကြမ်းဖက်ရိုက်နှက်ခံရပြီး တရားစွဲတာလည်းခံရ

**DVB၊ ဒီဇင်ဘာ ၂၂။** ။ ပြည်ထောင်စုကြံ့ခိုင်ရေးအသင်း မြို့နယ်တာဝန်ရှိသူကိုယ်တိုင် အကြမ်းဖက်ပြီးတဲ့နောက် အကြမ်းဖက်ခံရသူတွေကို တရားစွဲမှု ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်မှာ ဖြစ်ပွားပါတယ်။

လွန်ခဲ့တဲ့ စနေနေ့ နေ့လည်က ရန်ကုန် ကြည့်မြင်တိုင် တဖက်ကမ်းက အလတ်ချောင်းကျေးရွာမှာ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားလုပ်ဖို့ပြင်နေတုန်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ဦးရဲထွန်းအပါအဝင် လူသုံးဆယ်ခန့်ကို ကြည့်မြင်တိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးအသင်း အတွင်းရေးမှူးဦးမြင့်လွင်ဦးဆောင်တဲ့ လူ ၂၀၀ ဝန်းကျင် အုပ်တအုပ်က တုတ်နဲ့ရိုက်၊ နိုင်ငံတော်အလံအပါအဝင် အဖွဲ့အလံတွေကို မီးရှို့လုပ်လို့ ၅ ယောက်ဒဏ်ရာရသွားတဲ့ အတွက် အနောက်ပိုင်းဆေးရုံတက်နေရဆဲပါ။ ဖြစ်တဲ့နေ့မှာ ဦးရဲထွန်းတို့က ဦးမြင့်လွင်နဲ့အဖွဲ့ကို ရဲတိုင်ချက်ဖွင့်ခဲ့သလို အခုတော့ ရိုက်တဲ့ဦးမြင့်လွင်တို့က အရိုက်ခံရသူ သူတို့ကို တန်ပြန်တိုင်ချက်ဖွင့်တယ်လို့ ဦးရဲထွန်းက ပြောပါတယ်။

အခုလ ၁၉ ရက်နေ့ အခင်းဖြစ်တဲ့အိမ်ဟာ သူတို့အဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီ ဦးတင်အုန်းနဲ့ ဒေါ်ကြူကြူတို့အိမ်ဖြစ်ပါတယ်။ အခု ကြံ့ခိုင်ရေးအတွင်းရေးမှူးက တိုင်ထားသူတွေက ဦးရဲထွန်း၊ ဦးတင်အုန်းနဲ့ ဒေါ်ကြူကြူ တို့ဖြစ်ပါတယ်။ ဝတ္တုရားနှောင့်ယှက်မှု၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေမှု ပုဒ်မနှစ်ခုနဲ့ ရဲစခန်းမှာတိုင်ချက်ဖွင့်တာပါ။ ခုလို ကိုယ်ထိလက်ရောက် ကျူးလွန်သူက ကျူးလွန်ခံရသူတွေကို တိုင်ချက်ဖွင့်တဲ့အပေါ် ဦးရဲထွန်းက ခုလို ပြောပါတယ်။

"ဟိုကျနော်တို့ကလည်း စွဲတာ သူတို့ကလည်းပြန်စွဲပေါ့၊ ဒါပေမယ့် ကျနော်တို့က ဒါကို ခိုင်လုံပါတယ်၊ ဥပဒေ နှစ်ခုလုံးက တာဝန်ဝတ္တုရားကို နှောင့်ယှက်တယ်ဆိုရင်၊ ကျနော်တို့က နှောင့်ယှက်လောက်တဲ့ဟာကို ပြစရာရှိတယ်။ ကြံ့ခိုင်ရေးဆိုရင် လူမှုရေးအသင်းအဖွဲ့တခုဖြစ်တယ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်တဲ့ အသင်းအဖွဲ့တခုဖြစ်တယ်ဆိုရင် အခုသူတို့ လုပ်ရပ်က လူမှုရေးလုပ်သွားတာလား၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက်လုပ်သွားတာလား၊ ဒါဟာပေါ်လွင်ပါတယ်၊ ရယကဆိုလည်း ဒီလိုဘဲ တရားဥပဒေ စိုးမိုးရေး ရပ်ရွာအေးချမ်းသာယာရေး လုပ်မယ်ဆိုရင် အခုသူတို့လုပ်သွားတဲ့ အလုပ်က တရားဥပဒေစိုးမိုးရေးလား ရပ်ရွာအေးချမ်း သာယာရေးလား။"

တိုင်ချက်ဖွင့်ခံရတဲ့ ဒေါ်ကြူကြူဟာ အခုကျန်းမရေးမကောင်းလို့ ဆေးရုံတက်နေရဆဲဖြစ်ပြီး ရဲက တိုင်ပေမယ့် မယကက ဒေါ်ကြူကြူကို ဆင့်ခေါ်တာ နားမလည်နိုင်ဖြစ်ရတယ်လို့ဦးရဲထွန်းက ပြောပါတယ်။ ဦးရဲထွန်းတို့အဖွဲ့ဟာ တခြားနိုင်ငံရေးပါတီတွေနည်းတူ မှတ်ပုံတင်မထားပေမယ့် ကွန်ဒိုမီနီယံတခုမှာ ပေါ်ပေါ်တင်တင် ရုံးဖွင့်ဆောင်ရွက်နေတာ နယ်လှည့်စည်းရုံးရေးလုပ်တဲ့အခါ နယ်မြေခံအာဏာပိုင်တွေကိုယ်တိုင် ကူညီနေတဲ့အပေါ် စစ်အစိုးရနဲ့ နီးကပ်လွန်းတယ်လို့ ဝေဖန်ခံရပါတယ်။ ဒါကြောင့် အခုဖြစ်ရပ်မှာ ပြည်ထောင်စု ကြံ့ခိုင်ရေးအသင်း အတွင်းရေးမှူးကိုယ်တိုင် ဦးစီးလုပ်ဆောင်တဲ့ ရိုက်နှက်မှုအပေါ် ဦးရဲထွန်းတို့ကိုယ်တိုင် နားမလည် နိုင်ဖြစ်နေဆဲလို့ပြောပါတယ်။ ဘာကြောင့် ခုလို ရိုက်နှက်မှုဖြစ်တယ်ဆိုတာကို ဦးရဲထွန်းကို မေးကြည့်ရာမှာ ခုလို ထင်မြင်ချက်ပေးသွားပါတယ်။

"ဒီညစ္စာက ကြံ့ခိုင်ရေးအသင်းက လုပ်တယ်လို့ဆိုရင်တောင် ရန်ကုန်တိုင်း ကြံ့ခိုင်ရေးအသင်း တာဝန်ခံက မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းဖြစ်လို့၊ ဗိုလ်မှူးချုပ်အောင်သိန်းလင်းက သူ့နယ်မြေမှာ သူကိုယ်တိုင်က ခိုင်းပြီးတော့ အကြမ်းဖက်မှုတွေ လုပ်ပါ့မလားလို့၊ ဘာဖြစ်လို့လည်းဆိုတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီနိုင်ငံထူထောင်၍ မရပါလို့၊ အကြမ်းဖက်မှုကိုဆန့်ကျင်ကြတို့ မိန့်ခွန်းထဲမှာလည်းထည့်တယ်၊ သတင်းစာထဲမှာလည်း နေ့တိုင်းတွေ့မှာပေါ့။ အချိန်မျိုးမှာ ဒီဗိုလ်မှူးချုပ်အောင်သိန်းလင်းက အဲဒီလိုလုပ်ဖို့ အမိန့်ပေးမလား၊ ဗိုလ်ချုပ်ဝင်းမြင့်က ခိုင်းမလားလို့၊ ရယက၊ အဲလိုဘဲ ပြည်ထဲရေးဝန်ကြီးကလည်း ဘယ်ခိုင်းမလည်း၊ အထွေထွေဦးစီးကလည်း ခိုင်းမလား၊ ခိုင်းရင် ရုပ်ကုန်မှာပေါ့၊ ဒီဟာတွေက တသီးပုဂ္ဂလခံစားချက်တွေနဲ့ လုပ်တာဖြစ်လိမ့်မယ်လို့ သုံးသပ်တာတော့ ကျနော်တို့လုပ်တဲ့ လုပ်ရပ်နဲ့ပတ်သက်ပြီး ကိုယ့်အကျိုးရှေ့တန်းတင်တဲ့ လူတစုကနေပြီး အသင်းအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေကို အသုံးချပြီး ကျနော်တို့ကို ရုပ်ပျက်ဆင်းပျက်လုပ်သွားတယ်လို့ပဲ ပြောချင်ပါတယ်။"

# ဂျပန် နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ သွားရောက်မည်

**DVB၊ ဒီဇင်ဘာ ၂၃။** ။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဟာ လာမယ့် နှစ်ဆန်းပိုင်းလောက်မှာ မြန်မာပြည်ကိုသွားရောက်ကာ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ဆောင်မယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံက ဒီနေ့ထုတ်ဝေတဲ့ ယူမိအူရိ သတင်းစာထဲမှာ ဂျပန်နိုင်ငံခြားရေးဝန်ကြီး အိုကာဒ ဟာ လာမယ့် ၂၀၁၀ ခု ဇန်နဝါရီ ၂ ရက်နေ့ ကနေ ၇ ရက်နေ့အတွင်း တူရကီနိုင်ငံနဲ့မြန်မာနိုင်ငံတို့ကို သွားရောက်မယ်လို့ ဖော်ပြပါတယ်။ မြန်မာနိုင်ငံကိုတော့ ဇန်နဝါရီလ ၆ ရက်နဲ့ ၇ ရက်နေ့တွေမှာ ရောက်ရှိမယ်လို့ သိရပါတယ်။ သူ့ရဲ့ မြန်မာခရီးစဉ်အတွင်း လာမယ့် ၂၀၁၀ မှာ ကျင်းပမယ့် ရွေးကောက်ပွဲကို အခြေခံပြီး ဒီမိုကရေစီဖွံ့ဖြိုးရေးအတွက် အချက်အလက်များကို အမြင်ချင်းဖလှယ်နိုင်ရန် ရည်ရွယ်တယ်လို့လည်း သတင်းမှာဖော်ပြထားပါတယ်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး အိုကာဒ ရဲ့ အဲဒီခရီးစဉ်နဲ့ပတ်သက်ပြီး ပိုမိုသိရအောင်လို့ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနကို ဆက်သွယ်မေးမြန်းရာ တာဝန်ရှိသူ တဦးက အခုလိုပြောဆိုပါတယ်။

"နိုင်ငံခြားရေးဝန်ကြီးရဲ့ နှစ်ဆန်းပိုင်းမှာသွားမယ့် ခရီးစဉ်နဲ့ပတ်သက်ပြီး ဘာမှ သတ်မှတ်ထားတာ မရှိသေးပါဘူး။ သတင်းစာထဲမှာ ဘာတွေပါသလဲဆိုတာမသိပေမယ့် မြန်မာပြည်ကို သွားမယ့်ခရီးစဉ်ကိုလည်း သတ်မှတ်ထားတာ မရှိသေးပါဘူး"။

တကယ်လို့များ သွားဖြစ်ခဲ့ရင် ဘယ်အချိန်လောက်များ ဖြစ်နိုင်မလဲဆိုတာကိုတော့ ဖြေဆိုရန်ငြင်းဆိုသွားပါတယ်။ သတင်းစာထဲက ရေးသာထားချက်အရဆိုရင်တော့ နိုင်ငံခြားရေးဝန်ကြီး အိုကာဒ ဟာ မြန်မာပြည်မှာ ရှိနေစဉ်အတွင်း နအဖရဲ့ မြို့တော် နေပြည်တော်ကို သွားရောက်ကာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် နအဖခေါင်းဆောင်များ စစ်အစိုးရအဖွဲ့ဝင်များနဲ့ တွေ့ဆုံမှာဖြစ်သလို ရန်ကုန်မြို့မှာလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံကာ ဆွေးနွေးမယ်လို့ ယုံကြည်ရကြောင်း ရေးသားထားပါတယ်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံကို သွားရောက်မယ်ဆိုရင် ဒေါ်အောင် ဆန်းစုကြည်နဲ့တိုင်းရင်းသားခေါင်းဆောင်တွေကို လွှတ်ပေးပြီးတော့ မြန်မာ့နိုင်ငံရေးကို နအဖအစိုးရနဲ့တွေ့ဆုံ ဆွေးနွေးပြီးတော့ ညှိနှိုင်းတည်ဆောက်ဖို့ တိုက်တွန်းချင်တယ်လို့ဂျပန်မှာရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်မြောက်နယ်မြေဂျပန်ဌာနခွဲရဲ့ ဒုဥက္ကဋ္ဌ ဦးလှဟန်က ပြောပါတယ်။

"မြန်မာနိုင်ငံကို ဘယ်လိုနည်းနဲ့ပဲ တည်ထောင် တိုင်းရင်းသားတွေ အရေးမပါလို့ မဖြစ်သလို ပြည်သူလူထုရဲ့ဆန္ဒမပါမဖြစ်ဘူးဆိုတာ အဓိကအချက်ဖြစ်တယ်။ ခေါင်းဆောင်တွေကိုလည်း ဖမ်းထားမယ်၊ ကိုယ်လုပ်ချင်တာလည်းလုပ်မယ်ဆိုရင် ပြည်သူလူထုက၊ တိုင်းရင်းသားတွေက လက်မခံဘူး။ ဆိုရင် မြန်မာနိုင်ငံရဲ့ ဘယ်လိုစနစ်ပဲ တည်ထောင် ငြိမ်းချမ်းမှုမရနိုင်ဘူး၊ ငြိမ်းချမ်းမှုမရနိုင်ရင် တိုင်းပြည်က ဘယ်လိုနည်းနဲ့မှ တိုးတက်မှုဖြစ်လာမှာ မဟုတ်ဘူး။"

ဂျပန်အစိုးရဟာ မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေးအတွက် တောင်းဆိုမှုတွေရှိနေသလို ၂၀၁၀ ရွေးကောက်ပွဲမှာလည်း အားလုံးပါဝင်ခွင့်ပေးရန် မြန်မာစစ်အစိုးရကို တောင်းဆိုမှုတွေရှိနေပါတယ်၊ အဲဒီလိုမှမဟုတ်ရင်တောင် ၂၀၁၀ ရွေးကောက်ပွဲရဲ့ ရလဒ်ကို အသိအမှတ်ပြုရန် ခက်ခဲမယ်လို့ ပြောဆိုနေပေမယ့်လည်း ၁၉၈၈ ဒီမိုကရေစီလှုပ်ရှားမှုကြီးကို နှိမ်နင်းပြီနဝတအစိုးရတက်လာစဉ်ကတော့ မြန်မာစစ်အစိုးရကို အစောဆုံးအသိအမှတ်ပြုလိုက်တဲ့ စက်မှုနိုင်ငံကြီးတခုဖြစ်ခဲ့ပါတယ်။

ကျော်ကျော်စိုး

# အမည်ခံ ဒီမိုကရေစီပပျောက်ရေး

ခေတ်သစ်အာဏာရှင်များသည် မိမိတို့အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် ခေတ်မီနည်းလမ်းများကို သုံးစွဲလျက်ရှိသည်၊ ဒီမိုကရေစီသည် ကမ္ဘာ့ရေစီးကြောင်းအဖြစ်တည်ရှိနေသည်ကို ထိုအာဏာရှင်များ အသိအမှတ်ပြုလက်ခံထားသည့်အတွက် အမည်ခံဒီမိုကရေစီကို ဖော်ဆောင်၍ အာဏာကို ဆက်လက်ချုပ်ကိုင်နိုင်ရေးနည်းလမ်းများကို ဖော်ဆောင်လာကြသည်။ စစ်မှန်သည့်ဒီမိုကရေစီကို ဖော်ဆောင်နိုင်ခြင်းသည် လူ့အသိုင်းအဝိုင်းတိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးပြုသောအရာဖြစ်သောကြောင့် ဒီမိုကရေစီကို စစ်မှန်စွာယုံကြည်ကြသူများက တစိုက်မတ်မတ်ကြိုးပမ်းနေကြခြင်းဖြစ်သည်၊ မည်သည့်နိုင်ငံတွင်မဆို တရားဥပဒေဆိုသည်မှာရှိသည်။ အကျင့်ပျက်လာဘ်စားမှုများရှိသည်(အနည်းနှင့်အများသာကွာခြားမည်)၊ နိုင်ငံနှင့်ပတ်သက်သော အများနှင့်ပတ်သက်သော သတင်းအချက်များရှိပေသည်။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၊ စာရင်းစစ်များ၊ တရားရုံးများ၊ စီးပွားရေးမူဝါဒဆိုင်ရာအဖွဲ့အစည်းများ စသည့်အဖွဲ့အစည်းများရှိကြသည်။ ထိုအဖွဲ့အစည်းများ၊ ဥပဒေများ၊ အခြေအနေများသည် ဒီမိုကရေစီကိုစစ်မှန်စွာဖော်နိုင်ရေးတွင် အရေးပါသောနေရာတွင် ပါဝင်နေကြသည်။

သို့သော်လည်း ၎င်းတို့၏လုပ်ငန်းဆောင်တာများသည် မှန်ကန်ထိရောက် အားကောင်းမှုရှိမှသာ ဒီမိုကရေစီကို အောင်မြင်ဖော်ဆောင်နိုင်ပေမည်။ ထို့ကြောင့် ဒီမိုကရေစီစစ်မှန်စွာထွန်းကားနိုင်မည့်ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်ရေးသည် အရေးကြီးလှသည့်လုပ်ငန်းတခုဖြစ်ပေသည်။ ထိုသို့သော အခြေအနေပတ်ဝန်းကျင်ရှိ မရှိကို အကဲဖြတ်သုံးသပ်ရမည်ဖြစ်သည်။ မရှိလျှင် ရှိစေရန်ဖန်တီးရမည်၊ ရှိလျှင် မှန်ကန်စွာလုပ်ကိုင်နေခြင်း ရှိမရှိ ဆန်းစစ်ရမည်။ အားကောင်းခိုင်မာလာစေရန် ကြိုးပမ်းအားထုတ်ရပေမည်။ထိုအဖွဲ့အစည်းများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း၊ အခွင့်အာဏာများပေးခြင်း၊ ထိရောက်သွက်လက်စွာ လုပ်ရှားနိုင်ရေးအတွက် လိုအပ်သောအရင်းအမြစ် များပံ့ပိုးပေးခြင်း၊ နိုင်ငံရေးအရ သီးခြားလွတ်ကင်းမှုရှိစေရန်လုပ်ဆောင်ခြင်းများ လိုအပ်သည်။ အစိုးရသည် ရိုးသား၍ အပြုသဘောဆောင်သောဦးတည် ချက်ရှိရမည့်အပြင် ၎င်း၏ လုပ်ကိုင်ဆောင်ရွက်မှုများကို အများပြည်သူက လွယ်ကူရှင်းလင်းစွာသိမြင်နိုင်စေရန်လည်း လိုအပ်ပေသည်။

တရားဥပဒေများတရားဥပဒေများသည် လာဘ်စားမှုများ၊ ပြည်သူ့ရံပုံငွေများ ပစ္စည်းများအလွဲသုံးစားလုပ်ခြင်းများကို အတိအလင်းတားမြစ်သည်။ သို့သော် ထိုဥပဒေပါပြဌာန်း ချက်များကို အကောင်အထည်ဖော်ရာတွင် အားနည်းခြင်း၊ ထိထိရောက်ရောက်အရေးယူဆောင်ရွက်မှုမရှိခြင်းများသည် တရားဥပဒေစိုးမိုးရေးကိုဖော်ဆောင် ရာ၌ အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် ဥပဒေများကို ပြန်လည်သုံးသပ်ကာ ခေတ်ကာလအခြေအနေ၊ လူမှုအသိုင်းအဝိုင်းနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဌာန်းခြင်းများကို လုပ်ဆောင်ရမည်ဖြစ်သည်။ အကျင့်ပျက်လာဘ်စားမှုများနှင့် ကိုယ်ကျိုးသုံးမှု များကိုထိန်းချုပ်ရေးအတွက်မှု ရွေးချယ်ခံပြည်သူ့ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံရေးလိုအပ်ချက်အရ ခန့်ထားခြင်းခံရသူများ၊ စစ်ဘက်ဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ၊ ရဲတပ်ဖွဲ့ အရာရှိကြီးများသည် မိမိတို့အဆင့်မြင့်ရာထူးတာဝန်များကို စတင်လက်ခံရယူချိန်တွင် ပိုင်ဆိုင်မှုများကို အတိအလင်းကြေညာ ရမည်ဆိုသည့် ဥပဒေများကို ပြဌာန်းကာ လူသိရှင်ကြားထုတ်ပြန်ကြေညာထားရန်လိုအပ်သည်။

ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်များများကို နည်းနိုင်သမျှနည်း စေရန်ပြုလုပ်ထားရမည်ဖြစ်သည်။ သို့မှသာ အာဏာနှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမှုများကို လျော့ပါးလာစေမည်ဖြစ်သည်။ ထို့အတူ ပြည်သူ့အခွင့်အရေးများကို တိုးမြှင့်အားပေးသောဥပဒေဆိုင်ရာပြဌာန်းချက်များကိုလည်း ခေတ်မီစေရန် လုပ်ဆောင်သင့်ပေသည်။

သတင်းအချက်အလက်လွတ်လပ်စွာစီးဆင်းစေမှု အစိုးရ၏လုပ်ဆောင်ချက်များ အစိုးရလက်အောက်ခံအဖွဲ့အစည်းများလုပ်ဆောင်ချက်များကို အများပြည်သူတို့က လွယ်ကူရှင်းလင်းစွာနားလည်သိမြင်ရေအတွက် သတင်းအချက်များကို ပြည်သူလူထုက လွယ်ကူစွာရယူနိုင်စေရန်လည်း ဖန်တီးပေးထားရမည်ဖြစ်သည်။ သို့မှသာ ပြည်သူလူထုသည် အစိုးရ၏ဆုံးဖြတ်ချက်များ ဖြောင့်မတ်မှန်ကန်စွာချမှတ်ထားခြင်းရှိ မရှိဆိုသည်ကို ပြည်သူများက သိရှိလိုက သိရှိနိုင်မည်ဖြစ်သည်။ ဤသည်က ပြည်သူလူထုအား ဒီမိုကရေစီလုပ်ငန်းစဉ်တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်လာမှုကို အားပေးသည်၊ တနည်းအားဖြင့်ဆိုလျှင် နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရေးတွင် ပြည်သူများပါဝင် လာစေခြင်းပင်ဖြစ်သည်။

အကျင့်ပျက်လာဘ်စားမှုနှိမ်နင်းရေးအဖွဲ့အစည်းအာဏာကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်းများ လျော့နည်းပပျောက်သွားစေရန် ပြည်သူ့ဝန်ထမ်းများ၊ အစိုးရအဖွဲ့ဝင်များ၊ ရွေးချယ်ခံပြည်သူ့ကိုယ်စားလှယ်များ၏ မမှန်မကန်လုပ်ဆောင်မှုများကို ဖော်ထုတ်နိုင်သည့်အဖွဲ့အစည်းတရပ်ကို နိုင်ငံအဆင့်မှသည် ဒေသန္တရအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက်ဖွဲ့စည်းရေးသည် အထူးပင်လိုအပ်သည်။ နိုင်ငံရေးစနစ်ပြောင်းလဲလာသည်နှင့်အမျှ စီးပွားရေးဖော်ဆောင်မှုသည်လည်း ပြောင်းလဲလာသည်ဖြစ်ရာ ပိုင်ဆိုင်မှုများနှင့်အတူ သွက်လက်ထိရောက်သောလုပ်ဆောင်မှုများက တိုးတက်မှုများကို ဖြစ်စေမည်မှာအမှန်ပင်ဖြစ်သည်။ ထိုသို့စီးပွားရေးတိုးတက်လာမှုနှင့်အတူ ကြွယ်ဝချမ်းသာမှုများနှင့် အခွင့်အလမ်းများပေါ်ထွက်လာနိုင်သည့်အတွက် ကိုယ်ကျိုးအတွက်အသုံးချမှုများလည်းရှိလာနိုင်သောကြောင့် ထိုသို့သောအခြေအနေများကို ထိန်းချုပ်ကွပ်ကဲနိုင်စေရန် အကျင့်ပျက်လာဘ်စားမှုနှိမ်နင်းရေးအဖွဲ့အစည်းများ အထူးလိုအပ်ရခြင်းဖြစ်သည်၊ အကျင့်ပျက်လာဘ်စားမှု၊ ကိုယ်ကျိုးရှာမှုများသည် နိုင်ငံ့စီးပွားရေးတိုးတက်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို လွန်စွာအဟန့်အတားဖြစ်ကာ ထိခိုက်စေနိုင်သောကြောင့်ဖြစ်သည်။

လုပ်ငန်းစစ်ဆေးရေးအဖွဲ့များအစိုးရကိုယ်တိုင်နှင့် အစိုးရလက်အောက်ခံအဖွဲ့အစည်းများ၊ တရားသူကြီးများ၏လုပ်ကိုင်ဆောင်ရွက်မှုများ မမှန်မကန်မှုများအတွက် တိုင်ကြားချက်များ ရှိလာသောအခါ သို့မဟုတ် ထိုအဖွဲ့အစည်းများ၏လုပ်ငန်းဆောင်တာများသည် သတ်မှတ်ချက်များ၊ ပြဌာန်းချက်များနှင့်အညီလုပ်ဆောင်ခြင်းရှိ မရှိဆိုသည်များကို စစ်ဆေးရန် လည်းလိုအပ်ပေသည်။ ဒီမိုကရေစီတွင် အပြန်အလှန်စစ်ဆေးမှုနှင့် ထိန်းညှိမှုများ Check and balance ရှိရေးသည် ဒီမိုကရေစီအောင်မြင်ဖြစ်ထွန်းရေးအတွက် အရေးပါသောအခန်းနေရာမှ ပါဝင်သည်။ ထို စုံစမ်းစစ်ဆေးရေးအဖွဲ့များသည် မမှန်မကန်လုပ်မှုများကို တားဆီးခြင်း၊ စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်း၊ သံသယဖြစ်ဖွယ်ပြည်သူ့ဝန်ထမ်းအရာရှိကြီးများ၏လုပ်ရပ်များကို စုံစမ်းမှုများပြုလုပ်ကြပေသည်။ ဒီမိုကရေစီထွန်းကားသောနိုင်ငံများတွင် ထိုစုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်နှင့် အာဏာသည် တနိုင်ငံနှင့် တနိုင်ငံ မတူညီကြပေ။

☆☆☆☆☆

# ပါတီဝင်တွေရဲ့ကိုယ်ရေးအချက်အလက်ကောက်ခံမှု ဥပဒေနဲ့မညီဟု အဖွဲ့ချုပ်ဆို

**VOA၊ဒီဇင်ဘာ ၂၅။** ။ မြန်မာနိုင်ငံ ရဲအထူးသတင်းတပ်ဖွဲ့က ပဲခူးတိုင်း၊ ရန်ကုန် တိုင်း၊ တနင်္သာရီတိုင်းတို့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တခြားပါတီဝင်တွေ ရဲ့ အသေးစိတ် ကိုယ်ရေးအချက်အလက်နဲ့ ဓာတ်ပုံမှတ်တမ်းတွေကို ရိုက်ယူ ကောက်ခံနေတာကြောင့် ဒီကိစ္စဟာဥပဒေအရ ဘယ်သူမှလုပ်ပိုင်ခွင့်မရှိဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောဆိုလိုက်ပါတယ်။

ရွေးကောက်ပွဲလုပ်ဖို့အတွက် စစ်အစိုးရကပြင်ဆင်နေချိန်မှာ စည်းရုံးလှုပ်ရှားခွင့်မရတဲ့ပါတီတွေ၊ သူတို့ရဲ့ကိုယ်ရေးအချက်အလက်တွေနဲ့ မိသားစုဝင်တွေရဲ့ နောက်ခံတွေကို အထက်အမိန့်အရဆိုပြီး ရဲအထူးတပ်ဖွဲ့က လိုက်လံကောက်ခံနေပါတယ်။ အဲန်အယ်လ်ဒီပါတီဝင်တွေရဲ့ မိသားစုဝင်တွေရဲ့အလုပ်အကိုင် အသေးစိတ်ကိုပါ မေးမြန်းကောက်ခံနေတာကြောင့် အဖွဲ့ချုပ်ဝင်တွေရဲ့ မိသားစုတွေကတော့ စိုးရိမ်ပူပန်နေကြပါတယ်။ တနင်္သာရီတိုင်းက လူငယ်တာဝန်ခံတဦးပြောပြတာကတော့

"ကျနော်တို့ အဲန်အယ်လ်ဒီအနေနဲ့ကတော့ အရင်ကလည်း မေးတဲ့မြန်းတဲ့အပိုင်းလေးတွေရှိတယ်။ ဒါပေမယ့် အဲဒီတုန်းက မေးတဲ့အပိုင်းတွေကျတော့ သူကသိပ်ပြီးတော့အခုလောက်အထိအသေးစိတ်မဆန်ဘူး။ အခုနောက်ပိုင်းကျတော့ သူတို့မောင်နှမရှိတယ်ဆိုရင် မောင်နှမကဘယ်နှစ်ယောက်လဲ၊ ဇနီးရှိတယ်ဆိုရင် ဇနီးကဘာအလုပ်တွေလုပ်သလဲ၊ ဓာတ်ပုံရိုက်တဲ့သူတွေကိုလည်း ရိုက်တယ်။

ကဲမ်မရာတွေဘာတွေနဲ့ မှတ်တမ်းတင်သွားတယ်။ ရှိပြီးသားလူမှာတောင်းတယ်။ တချို့ မရှိဘူးလို့ပြောတဲ့လူကျတော့ ကဲမ်မရာနဲ့ရိုက်သွားတာပေါ့နော်။ ဒီတခါ ပိုပြီးတော့ထဲထဲဝင်ဝင်လုပ်လာတဲ့ဟာက အိမ်တိုင်ရာရောက် လာမေးတယ်ဆိုတော့ မိသားစုတွေက သူတို့မိသားစုဝင်အတွက် စိတ်ပူတဲ့အပိုင်းလေးတွေ ဖြစ်လာတာပေါ့။"

ပဲခူးတိုင်းမှာလည်း အလားတူကောက်ခံမှုတွေ ရှိနေတဲ့အကြောင်းကိုလည်း ပဲခူးတိုင်းကအဲန်အယ်လ်ဒီအဖွဲ့ဝင်တဦးက အခုလိုပြောပြပါတယ်။

"ဟိုတုန်းကရှိခဲ့တဲ့အဖွဲ့ချုပ် အဖွဲ့ဝင်တွေ အဲဒါတွေရယ်၊ အခုတခါ အဖွဲ့ချုပ်မှာလုပ်နေတဲ့လူတွေကို ကောက်တယ်လို့ပြောတာဘဲ။ တစည ရော အဲန်အယ်လ်ဒီရော ကောက်တယ်လို့ပြောတာဘဲ။"

ကိုယ်ရေးအချက်အလက်ကောက်ခံမှု၊ ဓာတ်ပုံရိုက်မှုတွေကို ရဲအထူးသတင်းတပ်ဖွဲ့နဲ့အတူ ဒေသခံအာဏာပိုင်တွေပါ ပါဝင်ကောက်ခံခဲ့တယ်လို့ ဆိုပါတယ်။

"သူတို့ကိုမေးတော့လည်း တစုံတရာပြန်ပြီးတော့ အကြောင်းပြချက်မပေးနိုင်ဘူး။ သူတို့ကိုအပေါ်ကခိုင်းနေလို့ ညွှန်ကြားလို့ဆိုတဲ့ဟာမျိုးဘဲဖြေတယ်။ အဓိကက ကျနော်တို့အက်စ်ဗီကရော အထူးသတင်းတပ်ဖွဲ့ကရော ဆယ်အိမ်မှူးတွေ တချို့နေရာတွေမှာဆို ဆယ်အိမ်မှူးတွေနဲ့ ရယက အဖွဲ့တွေပါ ပါတယ်။"

အခုလိုကောက်ခံမှုတွေဟာ ဥပဒေအရ လုပ်ပိုင်ခွင့်မရှိတဲ့အကြောင်းကိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကအခုလိုပြောပါတယ်။

"ကျနော်ပြောတာက ဘယ်သူမှလုပ်ပိုင်ခွင့်မရှိဘူးလို့၊ အဲဒီမှာ တကယ်လို့ လုပ်နေတယ်ဆိုရင်လည်း လုပ်ပိုင်ခွင့်မရှိဘဲ လုပ်တယ်လို့ဘဲ အဲဒီလိုပြောချင်တယ်။ ဒီဥစ္စာဟာ ဥပဒေအရဘယ်လိုမှဆောင်ရွက်လို့မရတဲ့အလုပ်တခုဘဲ။ ကျနော်တော့ အဲဒီလိုပြောချင်တယ်။"

ရွေးကောက်ပွဲတောင်မှ ဘယ်အချိန်လုပ်မယ်မှန်းမသိသေးတဲ့ကာလမှာ ခြိမ်းခြောက်မှုဆန်တဲ့ပါတီဝင်တွေရဲ့ ကိုယ်ရေးအချက်အလက်တွေ ကောက်ခံမှုတွေအတွက် အဖွဲ့ချုပ်ဝင်တွေက သံသယ ရှိနေကြပြီး ပါတီဝင်တချို့ကလည်း ပါတီတောင်မဝင်ရဲအောင်ဖြစ်ရတယ်လို့ ပြောဆိုနေကြပါတယ်။

---

# မြန်မာ့လူ့အခွင့်အရေးချိုးဖောက်မှုကုလညီလာခံမှာရှုတ်ချ

**VOA၊ဒီဇင်ဘာ ၂၅။** ။ မြန်မာပြည်မှာလူ့အခွင့်အရေးတွေ အကြီးအကျယ်ချိုး ဖောက်နေတဲ့အတွက် ဖိဂ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ပြင်းထန် စွာပြစ်တင်ရှုတ်ချလိုက်ပါတယ်။

ကြာသပတေးနေ့ကအတည်ပြုလိုက်တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံပြဋ္ဌာန်းချက်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ပြန်လွှတ်ပေးဖို့ မြန်မာစစ်အစိုးရခေါင်းဆောင်များအား တိုက်တွန်းလိုက်ပါတယ်။

အမေရိကန်နိုင်ငံသား John William Yettaw ရေကူးပြီး အင်းလျားကန်စောင်းရှိ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်အတွင်းကို ဝင်ရောက်နေထိုင်ခဲ့လို့ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးအပြစ်ပေးခဲ့တဲ့အတွက် အထူးစိုးရိမ်ကြောင်းလည်းဖော်ပြထားပါတယ်။

မြန်မာစစ်အစိုးရကို ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချထားတဲ့ အဲဒီပြဋ္ဌာန်းချက်ကို ဖိဂ ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံမှာ ၈၆ နိုင်ငံကထောက်ခံ ၂၃ နိုင်ငံက ကန့်ကွက်ပြီး ၃၉ နိုင်ငံက မဲမပေးဘဲနေကြပါတယ်။ ၁၉၆၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံကိုအုပ်စိုးလာခဲ့တဲ့ စစ်တပ်က ၁၉၉၀ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲကျင်းပပေးတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ် အနိုင်ရရှိလိုက်တဲ့အခါ စစ်အစိုးရက အာဏာလွှဲမပေးဘဲ နိုင်ငံကိုဆက်လက်အုပ်ချုပ်နေပါတယ်။

---

# နေအိမ်ပြင်ဆင်မှုရပ်ဆိုင်းထားရတဲ့အတွက် ဒေါ်စုလုံခြုံရေးစိုးရိမ်ကြောင်းအဲန်အယ်လ်ဒီပြောဆို

**Mizzima၊ဒီဇင်ဘာ ၂၄ ။။** နေအိမ်အကျယ်ချုပ်ခံနေရသော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ပြင်ဆင်နေမှုကို ရပ်ဆိုင်းထားရသဖြင့် သူမ၏လုံခြုံရေးအတွက် စိုးရိမ်ရကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ရဲ့နေအိမ် ပြင်ဆင်နေတာကို အကိုရင်းဦးအောင်ဆန်းဦးက ကန့်ကွက်တာကြောင့် ပြင်ဆင်မှုယမန်နေ့ကစ၍ရပ်ထားရပါတယ်။

"နဂိုကတည်းက လုံခြုံရေးအရလို့ပြင်တာ အခု ပြူတင်းပေါက်တွေဖြုတ်ထားတဲ့အခြေအနေ၊ ဘာမှမတပ်ရသေးဘူး။ အဲဒီတော့ လောလောဆယ် ပြူတင်းပေါက်တွေကို သစ်သားနဲ့သံနဲ့ရိုက်ပိတ်ထားရတဲ့ အခြေအနေရှိနေတယ်။ အရင်ထက်ပိုပြီးတော့ မကောင်းနိုင်ဘူးလေ။ အဲဒါ စဉ်းစားကြည့်လို့ရပါတယ်။" လို့ ပါတီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

အခြားသောဖြစ်ထွန်းမှုတခုမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမရဲ့ရှေ့နေတွေဖြစ်ကြတဲ့ ဦးဉာဏ်ဝင်း၊ ဦးကြည်ဝင်း၊ ဦးလှမျိုးမြင့်၊ ဒေါ်ခင်ဌေးကြွယ်တို့သည် တက္ကသိုလ်ရိပ်သာလမ်းရှိ လူထုခေါင်းဆောင်ရဲ့နေအိမ်မှာ ယနေ့မွန်းလွဲ ၁ နာရီမှစပြီး ၂ နာရီကြာတွေ့ဆုံခဲ့ပါတယ်။

ဆိုင်းငံ့ပြစ်ဒဏ် နေအိမ်အကျယ်ချုပ်ချမှတ်ထားတဲ့အပေါ် ပြင်ဆင်ရန်နှင့်ပတ်သက်ပြီး အပြီးသတ်လျှောက်လဲချက်အတွက် ဆွေးနွေးကြခြင်းဖြစ်ပါတယ်။ ဗဟိုတရားရုံးကဆင့်ခေါ်တဲ့စာအရ လာမယ့်အပတ်ရုံးဖွင့်ရက်မှာ တရားရုံးသို့ ရှေ့နေပါဝါလွှဲစာတင်မှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့မေလဆန်းတွင် ခွင့်ပြုချက်မရဘဲ ဝင်ရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောကို ဧည့်ခံမှုဖြင့် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်မှာ ဩဂုတ်လ ၁၁ ရက်နေ့တွင် ဆိုင်းငံ့ပြစ်ဒဏ် ၁၈ လကျခံခဲ့နေရပါတယ်။

# မြန်မာဒီမိုကရေစီအင်အားစုများ အခြေခံဥပဒေအရေး လန်ဒန်၌ ဆွေးနွေး

**DVB ၊ ဒီဇင်ဘာ ၂၀ ။** ။ မြန်မာစစ်အစိုးရရဲ့ ၂၀၀၈ အခြေခံဥပဒေနဲ့ အကျိုးဆက်တွေကို ဗြိတိန်နိုင်ငံမြို့တော် လန်ဒန်မှာ ဥရောပရောက်မြန်မာများအဖွဲ့က ဦးဆောင်ပြီး ဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပပါတယ်။

London South Bank University ကျင်းပခဲ့တဲ့ ဒီဆွေးနွေးပွဲကို မြန်မာနိုင်ငံအရေးလှုပ်ရှားတဲ့အဖွဲ့တွေနဲ့ စိတ်ဝင်စားသူတွေ တက်ရောက်ခဲ့ကြပါတယ်။ ၂၀၀၈ အခြေခံဥပဒေနဲ့ပတ်သက်လို့ အဓိကထောက်ပြစရာဘာ တွေ့ရှိနေပါသလဲ၊ ဦးအောင်ထူးကို မေးမြန်းရာမှာ ခုလိုပြောပြပါတယ်။

“ပြည်တွင်းနဲ့ နိုင်ငံတကာမှာ ဖြစ်နေတဲ့အခြေအနေက ဒီရွေးကောက်ပွဲဟာ ဒီမိုကရေစီရဲ့ အဆင့်တခုလိုမျိုး ရွေးကောက်ပွဲဝင်ခြင်းအားဖြင့် ဒီမိုကရေစီ တဖြည်းဖြည်းရသွားနိုင်တဲ့ အနေအထားမျိုးကို ဆွေးနွေးပြောဆိုနေကြတဲ့အပိုင်းတွေပဲရှိနေသေးတယ်။ ၂၀၁၀ ရွေးကောက်ပွဲဟာ ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုအကောင်အထည်ဖော်မှာဖြစ်တယ်။ ၂၀၀၈ အခြေခံဥပဒေက ကျနော်တို့တိုင်းပြည်အတွက်ကို ဒီမိုကရေစီအခြေခံ၊ လူ့အခွင့်အရေးအခြေခံ၊ တရားမျှတမှုအခြေခံတွေကို အာမခံချက်ပေးနိုင်တော့မှသာလျှင် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲဟာ အဓိပ္ပါယ်ရှိမယ်၊ သဘာဝကျမယ်၊ လူထုအတွက်အကျိုးရှိမယ်၊ တိုင်းပြည်အတွက် ရေရှည်ငြိမ်းချမ်းမှုတည်ဆောက်နိုင်မှာဖြစ်တယ်။”

၂၀၀၈ အခြေခံဥပဒေဟာ စစ်အစိုးရထဲက ရာဇဝတ်မှုကြီးတွေ ကျူးလွန်သူတွေကို ကာကွယ်ပေးဖို့ ရည်ရွယ်ရေးဆွဲထားတာဖြစ်တယ်။ ဒါကြောင့် ဒီကိစ္စကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးကတဆင့် ကိုင်တွယ်သွားနိုင်အောင်ကြိုးစားနေတယ်လို့ ဦးအောင်ထူးက ပြောပါတယ်။

“၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အရင်တုန်းက နဝတ၊ နအဖ လက်ထက်မှာ အပြစ်ကျူးလွန်ထားခဲ့တဲ့ ပြစ်မှုကြီးတွေကို ဘယ်တရားရုံးမှာမှအရေးယူတရားစွဲဆိုခွင့်မရှိစေရဆိုတဲ့ ပြဋ္ဌာန်းချက်ထည့်သွင်းထားခြင်းဟာ ကျူးလွန်ထားတဲ့ ပြစ်မှုကြီးတွေပေါ်မှာ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်တာပဲဖြစ်တယ်။ ကမ္ဘာပေါ်မှာ ဘယ်ဖွဲ့စည်းပုံမှာမှမရှိတဲ့ ပြဋ္ဌာန်းချက်ဖြစ်တယ်၊ အဲဒီပြဋ္ဌာန်း ချက်က နိုင်ငံထဲမှာ၊ နိုင်ငံတကာပြစ်မှုကြီးကျူးလွန်ခံထားရတဲ့ မိသားစုတွေ၊ ကျူးလွန်ခံရသူတွေဘဝ ပျက်စီးနစ်နာဆုံးရှုံးမှုကို လုံးဝဥပေက္ခာပြုလိုက်တာဖြစ်တယ်။”

တက်ရောက်လာသူတွေက ဒီအခြေခံဥပဒေပါ အချက်တွေကို အပြန်အလှန်ဆွေးနွေးခဲ့ကြပါတယ်။ ရာဇဝတ်မှုကျူးလွန်သူတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတဲ့ ဒီပြဋ္ဌာန်းချက်ဟာ အခြေခံဥပဒေရဲ့ လွဲချော်မှုတရပ်ဖြစ်ပြီး ဒီအချက်ဟာ လုံးဝမဖြစ်သင့်ဘူး၊ နိုင်ငံရေးပါတီတင်မက ပြည်တွင်းမှာရှိတဲ့ လူထုကပါ တသံတည်းတောင်းဆိုကြဖို့ဖြစ်တယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ကလည်း တောင်အာဖရိကရဲ့ အသားအရောင်ခွဲခြားတဲ့ အခြေခံဥပဒေကို တရားမဝင် ပျက်ပြယ်တယ်လို့ ကြေညာခဲ့သလို ဒီစစ်အစိုးရရဲ့ အခြေခံဥပဒေကိုလည်း အလားတူဆောင်ရွက်နိုင်အောင်ကြိုးစားသွားမယ်လို့ ဦးအောင်ထူးကပြောပြပါတယ်။

# ကုလအထူးသံ၏ ခရီးစဉ် ပယ်ဖျက်

**RFA ၊ ဒီဇင်ဘာ ၁၈ ။** ။ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်ရဲ့ ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံ ဒုတိယခရီးစဉ်ကို မြန်မာစစ်အုပ်စုအာဏာပိုင်တွေဖက်က နောက်တကြိမ်ပယ်ဖျက်လိုက်တယ်လို့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာကင်တင်းနားက RFA ကို ဒီကနေ့ ဒီဇင်ဘာ ၂၃ ရက်မှာ အတည်ပြုပြောပါတယ်။

မြန်မာနိုင်ငံခရီးစဉ်ကို မြန်မာအာဏာပိုင်တွေဖက်က အခုနောက်တခါ ပယ်ဖျက်လိုက်တာပါ။ မြန်မာစစ်အုပ်စုဘက်က အကြောင်းကြားစာမှာ အကြောင်းရင်းကို ဖော်ပြမထားပါဘူး။ သက်ဆိုင်ရာ အာဏာပိုင်တွေအနေနဲ့ ဒီအချိန်အခါမှာ ဒီခရီးစဉ်ကို စီစဉ်မပေးနိုင်တဲ့အကြောင်းကိုပဲ ဖော်ပြထားပါတယ်လို့ မစ္စတာကင်တင်းနားက ပြောသွားပါတယ်။

မြန်မာနိုင်ငံထဲက လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေတွေကို အချက်အလက်ရှာဖွေရေး အစီအစဉ်အနေနဲ့ မူလက နိုဝင်ဘာလမှာ သွားရောက်ဖို့ စီစဉ်ထားခဲ့ပါတယ်။ ဒါပေမယ့် နိုဝင်ဘာထဲမှာ မြန်မာစစ်အုပ်စုဖက်က ရက်ရွှေ့ဆိုင်းခဲ့ပါတယ်။ ဒီနောက် မစ္စတာကင်တင်းနားက ဒီဇင်ဘာလ တတိယပတ်ထဲမှာ မြန်မာနိုင်ငံကို လာရောက်ခွင့်ပေးဖို့ ပန်ကြားခဲ့ပါတယ်။

အခုလို ဒီဇင်ဘာလထဲ သွားရောက်ခွင့်ရဖို့ ပန်ကြားချက်ကို လက်ခံဆောင်ရွက်မပေးနိုင်တဲ့အကြောင်း ဒီလ ပထမပတ်က အကြောင်းပြန်ခဲ့တာဖြစ်တယ်လို့ မစ္စတာကင်တင်းနာက ပြောပါတယ်။ မြန်မာအာဏာပိုင်တွေဖက်က လာမဲ့ ၂၀၁၀ ပြည့်နှစ်ထဲမှာ နောက်ဆက်တွဲခရီးစဉ်လာရောက်ဖို့ အကြောင်းကြားစာမှာ ဖော်ပြထားပါတယ်။ သူ့အနေနဲ့ မြန်မာနိုင်ငံကိုဘယ်အချိန်မဆိုသွားရောက်ဖို့ဆန္ဒရှိပါတယ်။ ဒါပေမယ့် ၂၀၀၉ ခုနှစ်အတွက် ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရဲ့ ဒုတိယခရီးစဉ်ကို မြန်မာဖက်က လက်မခံတာကတော့ ထင်ရှားနေပါတယ်လို့ မစ္စတာကင်တင်းနာက ပြောသွားပါတယ်။

မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေဟာ စိုးရိမ်စရာ ဆိုးဝါးနေပြီး အရှေ့ပိုင်းနယ်စပ်တိုင်းရင်းသားဒေသတွေမှာ ပိုဆိုးဝါးလာတယ်လို့လည်း သူက ပြောပါတယ်။ လာမယ့်နှစ် ခရီးစဉ်အတွက် သူ့အနေနဲ့ ရက်အတိအကျမစဉ်းစားရသေးပါဘူးလို့ RFA ကဆက်သွယ်မေးမြန်းရာမှာ ဖြေကြားသွားပါတယ်။

# သိန်းလေးထောင်တန် ရွှေထည်ပျောက်

**DVB ၊ ဒီဇင်ဘာ ၂၂ ။** ။ အခုလ ၃ ရက်နေ့က မန္တလေးတိုင်း ပျဉ်းမနားမြို့က ရွှေသိန်းလေးထောင် ကျော်ဖိုး ခိုးယူတယ်လို့ သံသယရှိသူကို ရဲကဖမ်းဆီးစစ်ဆေးနေပြီး ပစ္စည်းတချို့သိမ်းဆည်းရထားပြီး ရဲမှာဝန်ခံတယ်လို့ သိရပါတယ်။

ပျဉ်းမနားမြို့က မြမြင့်မိုရ်ရွှေဆိုင်က ရွှေထည်စိန်ထည်ကာလတန်ဖိုး သိန်းလေးထောင်ကျော်ဖိုးကို ခိုးယူတယ်လို့ သံသယရှိသူဦးကို ပျဉ်းမနားရဲတပ်ဖွဲ့နဲ့ စီအိုင်ဒီပူးပေါင်း ဖမ်းဆီးရမိလိုက်ပြီလို့ ရဲနဲ့ နီးစပ်သူတွေက ပြောပါတယ်။ သူတို့ ပြောကြားချက်အရ သံသယရှိလို့ ဖမ်းဆီးစစ်ဆေးခံရသူဟာ နေပြည်တော် ပျဉ်းမနားအနီး ဇီးကုန်းရွာသား အသက်နှစ်ဆယ်ကျော်ခန့်ရှိသူဖြစ်ပြီး ဆိုင်ကယ်ကယ်ရီမောင်းသူလို့ ဆိုပါတယ်။ ရဲသံသယရှိသူဟာ သူ့ဇနီးရှိရာ ပြင်ဦးလွင်ကို ရောက်နေပြီး အခုလ ၁၇ ရက်မှာ လိုက်ဖမ်းတဲ့ ရဲကို ဖြောင့်ချက်ပေးတယ်လို့ဆိုပါတယ်။

သူဟာ အခုလ ၂ ရက်နေ့ ညနက်ပိုင်း အိမ်အပြန် ဗိုလ်ချုပ်လမ်းအတိုင်း လျှောက်လာစဉ် မြမြင့်မိုရ်ရွှေဆိုင်တံခါးပွင့်နေလို့ အုတ်တံတိုင်းကို ကျော်တက်ပြီး ပစ္စည်းတွေ ယူသွားတာကို ဝန်ခံတယ်လို့ပြောပါတယ်။ သူ့ကို ၁၈ ရက်နေ့မှာ ပြင်ဦးလွင်ကနေ ပျဉ်းမနားကို ပြန်လည်ခေါ်ဆောင်လာရာမှာ ရွှေနှစ်ပိဿာကျော် ပြန်အပ်တယ်လို့ဆိုပါတယ်။ ကျန်ရွှေထည်နဲ့ စိန်ထည်တွေကို သိမ်းဆည်းဖို့ ပြင်ဦးလွင်ကို ရဲအစောင့်အရှောက်နဲ့ ၂၀ ရက်နေ့ ညနေပိုင်းက ခေါ်ဆောင်သွားပါတယ်။ ဒီခရီးမှာ မြမြင့်မိုရ်ရွှေဆိုင်ပိုင်ရှင် ဦးဆွေငြိမ်းတို့ဇနီးမောင်နှံပါ လိုက်ပါသွားတယ်လို့ ရွှေဆိုင်ဝန်ထမ်းတဦးက ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ပျဉ်းမနားရဲစခန်းကို မေးကြည့်ရာမှာ တာဝန်ကျအရာရှိတဦးက ပစ္စည်းတွေလိုက်သိမ်းဆည်းနေဆဲဖြစ်ပြီး အသေးစိတ်ပြောဆိုဖို့ ငြင်းဆိုပါတယ်။

“လိုက်ပြီးစုံစမ်း သိမ်းဆီးနေတုန်းပေါ့၊ သဘောကတော့ ရဲလုပ်ငန်းလုပ်တာ၊ စီအိုင်ဒီကနေပြီးတော့ ကျနော်တို့ကစစ်ဆေးနေတာပါ၊ သတင်းတွေက အဲဒီ လိုပေးလို့မရဘူး။”

ပျဉ်းမနားရဲစခန်းအလှည့်ကျ တာဝန်မှူး ပြောသွားတာပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ သတင်းတပ်ဖွဲ့ကိုပါ ဆက်သွယ်မေးမြန်းပေမယ့် မရသေးပါဘူး။ အခုနှစ် မေလအစောပိုင်းကလည်း မန္တလေးတိုင်း ရမည်းသင်းမြို့ရွှေဆိုင်မှာ ရွှေခြောက်ပိဿာခန့်လုယက်မှုဖြစ်ပွားခဲ့ဖူးပါတယ်။ မကွေးတိုင်း ရေစကြိုစစ်တပ်က ဖောက်ထွင်းယူလာတဲ့ လက်နက်နဲ့ လုယက်ခဲ့တာဖြစ်ပြီး ကျူးလွန်သူတွေကို ဖမ်းဆီး တရားစီရင်ခဲ့ပါတယ်။

**ဒီဇင်ဘာ ၂၂ ။ MizzimaTV ။ ။** ရခိုင်ပြည်နယ် ဒီမိုကရေစီအဖွဲ့ချုပ်သည် နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက် ငြင်းဆို၏။

**ဒီဇင်ဘာ ၂၂ ။ Chinland ။ ။** အစာရေစားရှားပါးနေသော ချင်းပြည်နယ်ဒေသအချို့တွင် အာဏာပိုင်များသည် ကူညီပစ္စည်းများကို အကူအညီအဖြစ်မဟုတ် ဈေးငွေ၏ တစိတ်တပိုင်းအဖြစ်သတ်မှတ်ဖြန့်ဝေနေကြောင်း ဒေသခံများမှဆို၏။

**ဒီဇင်ဘာ ၂၂ ။ ND-Mizzima ။ ။** ၂၀၁၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်စည်းရုံးနေသည့် အဖွဲ့တဖွဲ့မှ ငါးဦးသည် ကြံ့ဖွံ့ဝင်များ၏ အကြမ်းဖက်မှုကို ခံလိုက်ရကြောင်း။

**ဒီဇင်ဘာ ၂၂ ။ Mizzima ။ ။** ၂၀၁၀ ရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းအတွင်း အခုလ ၁၉ ရက်နေ့တွင် စည်းရုံးရေးဆင်းနေစဉ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ ဝင်များက ဝိုင်းဝန်းရိုက်နှက်သဖြင့် ပါတီဝင်အနည်းဆုံး ၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံရေးပါတီတခုက ပြောပါတယ်။

**ဒီဇင်ဘာ ၂၃ ။ SHAN ။ ။** ၁၉၉၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီဝင်များ၏အမည်စာရင်းတင်ပြရန် နအဖမှ လားရှိုးဒေသခံအာဏာပိုင်များသို့ဆို၏။

**ဒီဇင်ဘာ ၂၄ ။ ND ။ ။** ရုရှမှ မြန်မာသို့ MIG-29 တိုက်လေယဉ်အစီး၂၀ ရောင်းမှုအတွက် မြန်မာဒီမိုကရေစီအင်အားစုများမှ ဆန္ဒပြခဲ့၏။

**ဒီဇင်ဘာ ၂၄ ။ WTN ။ ။** မြန်မာတွင် နအဖ၏အဖမ်းခံနေရသူ အမေရိကန်နိုင်ငံသား ကိုကျော်ဇောလွင်နှင့် တွေ့ခွင့်ရရန် တောင်းဆို၏။

**ဒီဇင်ဘာ ၂၄ ။ Mizzima ။ ။** သူ၏အကိုဦးအောင်ဆန်းဦးမှ ကန့်ကွက်၍ ဒေါ်အောင်ဆန်းစုကြည်သည် အိမ်ပြင်မှုကို ရပ်တန့်ထားရန် နအဖမှအမိန့်ထုတ်ထား၏။

**ဒီဇင်ဘာ ၂၄ ။ WTN ။ ။** အေဗွန်အလယ်တန်းကျောင်းသည် AI နှင့် တွဲ၍ ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားများလွတ်ရေး အစောင် ၃၀၀ ဖြင့် စတင်စာရေးလှုပ်ရှားမှုစတင်၍ ဝါရှင်တန် နအဖသံရုံးသို့ပို့ခဲ့ကြောင်း။

**ဒီဇင်ဘာ ၂၄ ။ Mizzima ။ ။** နေအိမ်အကျယ်ချုပ်ခံနေရသော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ပြင်ဆင်နေမှုကို ရပ်ဆိုင်းထားရသဖြင့် သူမ၏လုံခြုံရေးအတွက် စိုးရိမ်ရကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

**ဒီဇင်ဘာ ၂၄ ။ Mizzima ။ ။** နေအိမ်အကျယ်ချုပ်ခံနေရသော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ပြင်ဆင်နေမှုကို ရပ်ဆိုင်းထားရသဖြင့် သူမ၏လုံခြုံရေးအတွက် စိုးရိမ်ရကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

**ဒီဇင်ဘာ ၂၄ ။ Mizzima ။ ။** ၂၀၀၇ သံဃာဆန္ဒပြပွဲမေတ္တာပို့ပွဲများတွင်ပါဝင်ခဲ့သူ နိုင်ငံရေးအကျဉ်းကျ မတင်တင်ထွေး(၃၈နှစ်)သည် ယမန်နေ့က နလုံးသွေးကြောပေါက်ကာ အင်းစိန်ထောင်ဆေးရုံတွင် ကွယ်လွန်ခဲ့ကြောင်း AAPP မှ အတည်ပြု၏။

**ဒီဇင်ဘာ ၂၅ ။ VOA ။ ။** မြန်မာတွင် လူ့အခွင့်အရေးအကြီးအကျယ်ချိုးဖောက်နေ၍ ဖိဂ ကြိမ်မြောက် ကုလအထွေထွေညီလာခံမှ ပြင်းထန်စွာပြစ်တင် ရှုတ်ချလိုက်၏။ ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ပြန်လွှတ်ရန် နအဖအား တိုက်တွန်းခဲ့၏။

**ဒီဇင်ဘာ ၂၅ ။ VOA ။ ။** မြန်မာနိုင်ငံ ရဲအထူးသတင်းတပ်ဖွဲ့က ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းတို့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တခြားပါတီဝင်တွေရဲ့ အသေးစိတ်ကိုယ်ရေးအချက်အလက်နဲ့ ဓာတ်ပုံမှတ်တမ်းတွေကို ရိုက်ယူ ကောက်ခံနေတာကြောင့် ဒီကိစ္စဟာဥပဒေအရ ဘယ်သူမှလုပ်ပိုင်ခွင့်မရှိဘူးလို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောဆိုလိုက်ပါတယ်။

**ဒီဇင်ဘာ ၂၄ ။ NEJ ။ ။** အဲန်အယ်လ်ဒီပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည့်ကိစ္စနဲ့ပတ်သက်၍ အမှုဆောင်အဖွဲ့ဝင်များကို နောက်ထပ်တိုး ချဲ့မည်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မျက်နှာစုံညီတွေ့ဆုံပြီးမှသာ အတည်ပြုဆုံးဖြတ်နိုင်မည်ဟု ပါတီအလုပ်အမှုဆောင်တဦးဖြစ်သူ ဦးခင်မောင်ဆွေ မှဆို၏။

**ဒီဇင်ဘာ ၂၅ ။ SHAN ။ ။** UWSA 0 တပ်နှင့် NDAA အမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်တို့သည် နအဖ၏ခါတုလက်နက်ရန်မှကာကွယ်ရန် အကာအကွယ်စစ်ဝတ်စုံထောင်ချီ၍ ဝယ်နေကြောင်း။

**ဒီဇင်ဘာ ၂၅ ။ Irrawaddy ။ ။** ဒေါ်လာ ၅၇၅ သန်းဖိုး ရုရှမှ MIG-29 တိုက်ဂျက်လေယဉ်အစီး၂၀ ဝယ်ယူမှုသည် ဗိုလ်ချုပ်တင်အေးတွင် တာဝန်ရှိကြောင်း။

**ဒီဇင်ဘာ ၂၅ ။ Irrawaddy ။ ။** ဆူနာမီ ငါးနှစ်မြောက်နေ့တွင် ထိုင်းနိုင်ငံ Phang Nga ဒေသတွင် သံဃာ ၁၀၀၀ မှဆုတောင်းမည်ဖြစ်ရာ မြန်မာမှသေဆုံးသူများ၏မိသားစုများလည်းပါဝင်မည်။

**ဒီဇင်ဘာ ၂၄ ။ SHAN ။ ။** နှစ်ဖက်စစ်ဖြစ် မဖြစ်သည် နအဖအပေါ်တည်ကြောင်း UWSA ဝတပ်မှ ဆို၏။

**ဒီဇင်ဘာ ၂၄ ။ XNA ။ ။** နေပြည်တော်၏ အပြင်စည်းတွင် ဥတ္တရသီရိ၊ ဒက္ခိဏာသီရိ၊ ပုပ္ပဗသီရိ၊ ဇာပုသီရိနှင့် ဇေယျာသီရိမြို့ငါးမြို့တည်ဆောက်နေ၏။

**ဒီဇင်ဘာ ၂၄ ။ Mission News Network ။ ။** နအဖ၏ မြန်မာပြည်သူများအပေါ် ရက်စက်မှုများပိုများလာပြီး လျော့ရန်မမြင်သေးကြောင်း လူ့အခွင့်အရေး အဖွဲ့များမှဆို၏။

**ဒီဇင်ဘာ ၂၄ ။ Pravda ။ ။** ရုရှသည် မြန်မာသို့ ဒေါ်လာသန်း ၆၀၀ ဖိုးခန့်တန် MIG-29 တိုက်လေယဉ် ၂၀ စီး ဝယ်ယူကာ ဈေးပေါသော တရုပ်လုပ် J-10 နှင့် FC -1 တို့ကို လျစ်လျူရှုထား၏။

**ဒီဇင်ဘာ ၂၄ ။ Mizzima ။ ။** ၂၀၁၀ ရွေးကောက်ပွဲတွင် တက်လာမည့်အစိုးရခွင့်ပြုချက်ကို မသေချာ၍ နအဖသည် ရုရှတိုက်လေယဉ်များကိုကြိုဝယ်ထားခြင်းဖြစ်နိုင်ကြောင်း သုတေသီအချို့မှ သုံးသပ်၏

**ဒီဇင်ဘာ ၂၄ ။ Chinland Guardian ။ ။** Burma Lawyers' Council တင်ပြသည့်အတိုင်း နအဖသည်ရွေးရွေးကောက်ပွဲအကြိုအကြမ်းဖက်မှုများပြုနေကြောင်း။

**ဒီဇင်ဘာ ၂၄ ။ VOA ။ ။** နေအိမ်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် ပြစ်မှုဆိုင်ရာ ပြင်ဆင်လျှောက်လဲချက်ကို ဗဟိုတရားရုံးချုပ်မှာ ဆက်ပြီးလုပ်ဆောင်ရန် ဒေါ်အောင် ဆန်းစုကြည်နှင့် သူ့အကျိုးဆောင်ရှေ့နေတွေ တွေ့ဆုံခဲ့ကြပြီး ဒေါ်အောင်ဆန်းစု ကြည်မှ ရှေ့နေပါဝါလွှဲပေးလိုက်ကြောင်း။

# ဒေါ်အောင်ဆန်းစုကြည်အမှု အကျိုးဆောင်ရှေ့နေတွေကို ရှေ့နေပါဝါလွှဲအပ်

**VOA। ဒီဇင်ဘာ ၂၄॥** ॥ နေအိမ်မှာ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မြန်မာ့ဒီမိုက ရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် ပြစ်မှုဆိုင်ရာ ပြင်ဆင် လျှောက်လဲချက်ကို ဗဟိုတရားရုံးချုပ်မှာ ဆက်ပြီးလုပ်ဆောင်ဘို့ ဒီနေ့ ဒေါ်အောင် ဆန်းစုကြည်နဲ့ သူ့အကျိုးဆောင်ရှေ့နေတွေ တွေ့ဆုံခဲ့ကြပြီး ဒေါ်အောင်ဆန်းစု ကြည်က ရှေ့နေပါဝါလွှဲပေးတာတွေလုပ်ခဲ့ပါတယ်။

ဒီနေ့ နေ့လည်ပိုင်းမှာတော့ ဒေါ်အောင်ဆန်းစုကြည်အတွက်ရော နေအိမ်မှာအတူရှိနေတဲ့ ဒေါ်ခင်ခင်ဝင်းနဲ့ မဝင်းမမတို့အတွက်ပါ တရားရုံးရဲ့လုပ်ထုံးလုပ်နည်းတွေအရ ရှေ့နေပါဝါယူခဲ့တာဖြစ်တယ်လို့ ရှေ့နေကြီး ဦးကြည်ဝင်းကပြောပါတယ်။

"ဒီနေ့ကတော့ ရှေ့နေပါဝါယူတာပေ့ါဗျာ။ ရှေ့နေပါဝါယူတော့ ဒေါ်စုကလည်း ကျနော်တို့အတွက် ပါဝါပေးတယ်။ ခင်ခင်ဝင်းနဲ့ဝင်းမမကလည်း ပေးတယ်။ ပါဝါတွေရတော့ ပါဝါတွေကို အခုရုံးဖွင့်မယ့်ရက် တနင်္လာနေ့ကျရင် သွားတင်ရမယ်။ အကြမ်းဖျဉ်းလောက်ဘဲ ဆွေးနွေးကြပါတယ်။ အသေးစိတ်က သူတို့အခုဖတ်ချိန်တောင်မရသေးဘူး။ အခုပြင်ဆင်စာ Nitice ပေးတာတို့ ဘာတို့အသေးစိတ်ကို မဖတ်ရသေးဘူး။"

အခုလာမယ့် တနင်္လာနေ့ ရုံးဖွင့်ရက်မှာ ရှေ့နေပါဝါတွေကို ဗဟိုတရားရုံးချုပ်မှာတင်ပြီးရင်တော့ နောက်ထပ်ရုံးချိန်းရက်မရခင် နှစ်ဘက်ရှေ့နေတွေရဲ့ လျှောက်လဲချက်ပြင်ဆင်မှုတွေကို ဖတ်ရမှာဖြစ်တယ်လို့ ဦးကြည်ဝင်းကပြောပါတယ်။

"အဲန်ကယ်လ်တို့ဖတ်သင့်ဖတ်ထိုက်တဲ့ဟာတွေ အကုန်ဖတ်မယ်။ ဖတ်ပြီး Ready ဖြစ်ပြီ၊ ဟိုကလည်း အဲန်ကယ်လ်တို့ပါဝါတင်ပြီးရင် အမှုချိန်း ချိန်းမယ်။ အမှုချိန်းမှာမပြောခင် တခေါက်သွားပြောမယ်။ အဲန်ကယ်လ်တို့တင်ထားတဲ့ပြင်ဆင်မှုကတော့ တော်တော်လေးအိုကေတယ်။ အဲဒီအပိုင်း ကိုယ့်ဘာသာကိုယ်ပြင်ဆင်မှုလည်းရေးတယ်၊ လျှောက်လဲချက်လည်းရေးတယ်ဆိုတော့ အဲဒီအပိုင်းကတော့ အိုကေ။ ဟိုဘက်က တင်ပြထားတာတွေတော့ ဖတ်ရဦးမယ်၊ လေ့လာရဦးမယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုအတွက် ဥပဒေအရပြင်ဆင်မှုဆိုင်ရာ ပြစ်မှုလျှောက်ထားချက်တွေထဲမှာတော့ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသက်မဝင်တော့တဲ့အတွက် အခုပြစ်ဒဏ်ဟာလည်း အကျုံးမဝင်ဘူးဆိုတဲ့အချက်က အဓိက ပါဝင်မယ်လို့ပြောပါတယ်။

"အဲန်ကယ်လ်တို့ကတော့ ၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မရှိတော့ဘူး။ အဲဒီလိုပြောတာကလည်း အဲန်ကယ်လ်တို့ရဲ့အပြောတင်မဟုတ်ဘူး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အထဲမှာကိုရေးထားတယ်။ အဲဒါ ၈၈ ခုနှစ်ကတည်းကချုပ်ငြိမ်းသွားပြီ။ သူတို့ပြောတဲ့စကားဆိုရင် ရုပ်သိမ်းသွားပြီပေ့ါ။ ဟိုဘက်မှာ အင်္ဂလိပ်လိုကတော့ It came to end လို့ အဲလိုဆိုတယ်။ အဲဒါကြောင့် ခုနအပြောထပ်ပြောရင် အဲန်ကယ်လ်တို့အပြောချည်းဘဲမဟုတ်ဘူး၊ အဲန်ကယ်လ်တို့ကလည်း အဲဒါကိုအခြေခံပြီးပြောမှာ။"

နောက်တခါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ပြင်ဆင်မှုကို ကန့်ကွက်ထားတဲ့ကိစ္စနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘာများဆွေးနွေးဖြစ်ခဲ့ပါသလဲလို့မေးကြည့်တော့ ဦးကြည်ဝင်းက အခုလိုဆက်ပြောပါတယ်။

"ဘာမှတော့သိပ်ပြီးထူးထူးထွေထွေမပြောပါဘူး။ ရုပ်သိမ်း ဆိုတဲ့အတိုင်း ရုပ်သိမ်းထားတယ်။ သူကတော့ စည်ပင်ကတားမြစ်တယ်။ ဆက်ပြီးတော့ မပြင်ပါနဲ့ ရုပ်သိမ်းထားပါလို့ပြောလို့ ရုပ်သိမ်းထားတယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို လိုက်ပါဆောင်ရွက်ပေးနေတဲ့ ရှေ့နေကြီး ဦးကြည်ဝင်းပြောပြခဲ့တာဖြစ်ပါတယ်။ ဒီကနေ့နေအိမ်မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ရှေ့နေတွေဖြစ်ကြတဲ့ ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဒေါ်ခင်ဌေးကြွယ်၊ နဲ့ဦးလှမျိုးမြင့်တို့ဟာ ၂ နာရီနီးပါးကြာ တွေ့ဆုံဆွေးနွေးခဲ့ကြတာပါ။ ဗဟိုတရားရုံးချုပ်က ရှေ့နေပါဝါလွှဲတာကိုလက်ခံပြီး နောက်ထပ် ရုံးချိန်းရက်မပေးခင်အတွင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ထပ်မံတွေ့ဆုံဘို့ ရှိသေးတယ်လို့လည်း ဦးကြည်ဝင်းက ပြောပါတယ်။

အခု ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှု အယူခံလွှာကို ရန်ကုန်တိုင်းတရားရုံးက အောက်တိုဘာလမှာ ပယ်ချခဲ့တာဖြစ်ပါတယ်။ ဒီအတွက် ရှေ့နေတွေက ပယ်ချခဲ့တဲ့အယူခံလွှာကို ပြင်ဆင်ဘို့ လျှောက်လဲချက်ပေးခဲ့တာဖြစ်ပါတယ်။

# နိုင်ငံရေးအကျဉ်းသူမတင်တင်ထွေး အင်းစိန်ထောင်တွင်း၌ကွယ်လွန်

**Mizzima। ဒီဇင်ဘာ ၂၄॥॥** ၂၀၀၇ ခုနှစ်၊ သံဃာများလမ်းလျှောက်မေတ္တာပို့ပွဲတွင် ပါဝင်ခဲ့တဲ့အတွက် အကျဉ်းကျခံရတဲ့ နိုင်ငံရေးအကျဉ်းသူ မတင်တင်ထွေးသည် ယမန်နေ့က နှလုံးသွေးကြောပေါက်ပြီး အင်းစိန်ထောင်ဆေးရုံမှာ ကွယ်လွန်ကြောင်း သိရပါတယ်။

ကွယ်လွန်သွားကြောင်းကို ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP-B က အတည်ပြုထုတ်ပြန်ပါတယ်။ မတင်တင်ထွေး ၃၈ နှစ် သေဆုံးမှုနှင့်ပတ်သက်၍ အင်းစိတ်ဗဟိုအကျဉ်းထောင်ကို ဆက်သွယ်မေးမြန်းကြည့်ရာ တာဝန်ရှိအရာရှိက အဖြေဆိုခြင်းမရှိဘဲ မိသားစုထံမေးမြန်းရန်သာပြောဆိုခဲ့ပါတယ်။

သူမကို အင်းစိန်ထောင်မှ သာယာဝတီထောင်သို့ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြောင်းရွှေ့ခဲ့ပါတယ်။ သာယာဝတီထောင်ဆေးရုံမှ အင်းစိန်သို့ မကြာသေးခင်ကမှ ပြန်လည်ပြောင်းရွှေ့ခဲ့ပြီးနောက် ယမန်နေ့နံနက်အစောပိုင်းတွင် ကွယ်လွန်ခြင်းဖြစ်ပါတယ်။

သူမသည် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်ရွှေဂုံရောင်လှုပ်ရှားမှုတွင်ပါဝင်သဖြင့် အခြားနိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁၄ ဦးနှင့်အတူ အဖမ်းခံခဲ့ရပြီးနောက် သူမကိုအာမခံဖြင့် ပြန်လွှတ်ပေးခဲ့ပါတယ်။ သို့သော် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အာမခံကိုပြန်ရုတ်သိမ်းပြီး နိုဝင်ဘာ ၂၄ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝတ္တရားနှောင့်ယှက်သည်ဟုစွပ်စွဲကာ ပြစ်မှုဆိုင်ရာပုဒ်မ ၃၃၂ အရရင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အများမကြားဝံ့ မနာသာအောင်ဆဲဆိုမှုဖြင့် ပြစ်မှုဆိုင်ရာပုဒ်မ ၂၉၄ အရရင်း၊ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် ၃ လ အမိန့်ချမှတ်ခံခဲ့ရပါတယ်။

အလောင်းအား ယမန်နေ့ နေ့လည် ၁၂ နာရီခန့်တွင် အင်းစိန်ထောင်မှ သွားထုတ်ယူခဲ့ပြီး ရေဝေးသုသာန်တွင်ထားရှိပြီး မနက်ဖြန်မွန်းလွဲ ၂ နာရီမှာ သင်္ဂြိုလ်မှာဖြစ်ပါတယ်။ ထောင်အာဏာပိုင်များရဲ့ ကူညီမှုလည်းရရှိခဲ့ပြီး ဈာပနကိစ္စအဝဝကိုမူ ကျန်ရစ်သူမိသားစုက တာဝန်ယူလုပ်ဆောင်ရကြောင်း မိသားစုနှင့်နီးစပ်သူများထံမှ သိရှိရပါတယ်။

ဗဟန်းမြို့နယ်၊ အုတ်လမ်းတွင်နေထိုင်သူ မတင်တင်ထွေးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင်တဦးမဟုတ်သော်လည်း NLD နှင့် နီးစပ်မှုရှိပြီး နိုင်ငံရေးကိစ္စများတွင် စိတ်ပါဝင်စားသူတဦးဖြစ်ကြောင်း ဗဟန်းမြို့နယ် NLD ဥက္ကဋ္ဌဦးအောင်မြင့်က ပြောပါတယ်။ သူမတွင် နှလုံးနှင့်သွေးတိုးရောဂါအခံရှိပါတယ်၊ သေဆုံးချိန်တွင် သူမမိခင်နဲ့ သားတဦးနဲ့သမီးနှစ်ဦးကျန်ရစ်ခဲ့ပါတယ်။

ထောင်တွင်းကျန်းမာရေးစောင့်ရှောက်မှု ကောင်းစွာမရရှိသဖြင့် ယခုနှစ်အတွင်း သေဆုံးခဲ့ရသူ သူမ အပါအဝင် နိုင်ငံရေးအကျဉ်းသား/သူ ၃ ဦးရှိသွားပြီဖြစ်ကြောင်း AAPP-B ကထုတ်ပြန်ပါတယ်။ AAPP မှတ်တမ်းအရ ၁၉၈၈ ခုနှစ်မှစတင်၍ ယနေ့အထိ ထောင်တွင်းသေဆုံးခဲ့ရသော နိုင်ငံရေးအကျဉ်းသူ/သားပေါင်း ၁၄၃ ဦးရှိပြီဖြစ်ပါတယ်။



# သတင်းတိုထွာဖတ်စရာ

**ကျော်စံကျွေး**

## မြန်မာ့လူ့အခွင့်အရေးပြစ်တင်ခံရ

ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးအခြေအနေများကို ပြစ်တင်ရှုတ်ချတဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၈၄ မဲ၊ ကန့်ကွက်မဲ ၂၃ မဲ၊ ပျက်ကွက်မဲ ၃၉ မဲ နဲ့ အတည်ပြုလိုက်ပါတယ်။ အဲဒီဆုံးဖြတ်ချက်ထဲမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စနစ်တကျနဲ့ကျူးလွန်နေတယ်၊ မြန်မာပြည်သူပြည်သားတွေရဲ့အခြေခံလွတ်လပ်ခွင့်ထိပ်ပင်ခံနေရတယ်လို့ ဆိုထားပါတယ်။ **(REUTERS, 24.12.2009)**

## ဂျပန်-နအဖစီးပွားဆက်ဆံရေးတိုးမြှင့်

ဂျပန်စီးပွားရေးဒုတိယဝန်ကြီးနဲ့အဖွဲ့ဟာ မြန်မာနိုင်ငံကိုသွားပြီး စီးပွားရေးဆက်ဆံမှုတိုးချဲ့ရေးကို လုပ်ကိုင်နေပါတယ်။ ဂျပန်ကုန်သည်ကြီးများအသင်း နဲ့ မြန်မာကုန်သည်ကြီးများအသင်းရဲ့ဆွေးနွေးပွဲတွေကိုတက်ရောက်ခဲ့ပါတယ်၊ မြန်မာနိုင်ငံမှာ အထည်ချုပ်လုပ်ငန်းတွေအတွက် ဂျပန်က နည်းပညာတိုးချဲ့ပေးသလို မြန်မာချုပ်အထည်များ ဂျပန်ကကုန်တိုက်တွေမှာ ပိုမိုရောင်းချနေပါတယ်။ **(XINHUA, VOB, 23.12.2009)**

## ကြပ်ပြေးနယ်နိမိတ်ဆက်လက်တိုးချဲ့

နအဖမြို့တော် နေပြည်တော်ကြပ်ပြေးရဲ့ပတ်ဝန်းကျင်အနီးတဝိုက်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေကို ဆက်လက်တိုးချဲ့လုပ်ကိုင်နေတယ်လို့ သိရပါတယ်။ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းအထိတဆက်တည်းဖြစ်အောင် လမ်း၊ ဈေး၊ တံတား၊ ဟိုတယ်၊ စတာတွေကို လုပ်ကိုင်နေပါတယ်။ နအဖဟာ သူ့ရဲ့ မြို့တော်နယ်နိမိတ်ကိုတိုးချဲ့သတ်မှတ်ဖို့ရာရှိပါတယ်၊ **(XINHUA, VOB, 24.12.2009)**

## မြန်မာ့ဆန် ဥရောပအထိရောက်မည်

မြန်မာနိုင်ငံက ဇီယာဆန် ကို ဥရောပနိုင်ငံတွေအထိ တင်ပို့မယ့်အဆင့်ကိုရောက်လာတော့မယ်လို့ သိရပါတယ်။ မြန်မာ့ဆန်ဈေးကွက်ကို အာရှ၊ အရှေ့အလယ်ပိုင်းအထိ ရောက်ရှိနေရာကနေ ဥရောပအထိ ရောက်တော့မှာဖြစ်ပါတယ်။ ဈေးကွက်ဝင်အရည်အသွေးမြင့်ဆန်တွေကို မြန်မာနိုင်ငံတွင်း တိုးတက်ထုတ်လုပ်ရင်း လယ်သမားတွေရဲ့ဝင်ငွေတိုးတက်လာရေးဟာလည်း အရေးကြီးပါတယ်။ **(BERNAMA, VOB, 23.12.2009)**

## ရုရှားရဲ့ မစ်ဂ် ၂၉ လေယာဉ်

နအဖဟာ ဒေါ်လာ သန်း ၆၀၀(မှန်းဆချက်) ဘိုးလောက်ရှိတဲ့ ရုရှားနိုင်ငံလုပ် MIG-29 လေယာဉ် ၂၀ ကိုဝယ်ယူမယ်လို့သိရပါတယ်။ နအဖလေတပ်ဟာ တရုတ်လေယာဉ်တွေကို အဓိကအားထားနေရာကနေ အရည်အသွေးပိုကောင်းတဲ့ ရုရှားလေယာဉ်တွေကို အစားထိုးလာနေပါတယ်။ ၂၀၀၁ ခုနှစ် တုန်းကလည်း MIG-29 လေယာဉ် ၁၂ စင်း နအဖစစ်တပ်က ဝယ်ယူခဲ့ပါသေးတယ်။ စစ်ရေးအကဲခတ်တွေက တရုတ်ထက် ရုရှားကို ပိုမိုအားကိုးလာနေတယ်လို့ ဆိုပါတယ်။ **(PRAVADA, 24.12.2009)**

## အိမ်ပြင်ဆင်ခွင့်ပါးစပ်ဖြင့်ကန့်ကွက်

ဒေါ်အောင်ဆန်းစုကြည်နေထိုင်နေတဲ့ တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ် ၅၄ နေအိမ်ရဲ့ပြင်ဆင်ခွင့်ကို သက်ဆိုင်ရာအာဏာပိုင်တွေက ခွင့်ပြုလိုက်တဲ့အတွက်လုပ်ငန်းစတင်နေချိန်မှာ ဒေါ်စုရဲ့အကို ဦးအောင်ဆန်းဦးရဲ့ရှေ့နေက ဦးအောင်ဆန်းဦးရဲ့ပြောဆိုချက်အရ စည်ပင်သာယာရုံးမှာ ပြင်ဆင်မှုကို ကန့်ကွက်ပြောဆိုခဲ့တယ်လို့ သိရပါတယ်။ **(MIZZIMA, 23.12.2009)**

## ဒီရေရောက်တော စိုက်ပျိုးနေဆဲ

နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရတဲ့ ဧရာဝတီတိုင်းအတွင်းက ဒီရေရောက်တောတွေ ပြန်လည်စိုက်ပျိုးရေးလုပ်ငန်းကို မြန်မာပြည်တွင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တဖွဲ့က ဦးဆောင်လုပ် နေလျက်ရှိပါတယ်။ ဒီရေရောက်တောတွေဟာ ရေငန်ငါးတွေမျိုးပွားရေး အတွက်သာမက ဒေသတွင်းစီးပွားရေးလုပ်ငန်းတွေအတွက်ပါ များစွာအထောက်အကူဖြစ်စေပါတယ်။ **(DVB, 23.12.2009)**

## နယ်စပ်တည်ငြိမ်စေရပါမယ်

နအဖဟာ တရုတ်ဒုတိယသမတ ရှီကျင်ပင် ကို တရုတ်-မြန်မာနယ်စပ်ဒေသတည်ငြိမ်မှုရှိစေရပါမယ်လို့ ကတိပေးလိုက်တယ်လို့သိရပါတယ်။ နအဖ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံဟာနယ်စပ်ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးအတွက် တရုတ်နဲ့လက်တွဲပြီး အမြဲတမ်းကြိုးပမ်းနေခဲ့သလို ကြိုးပမ်းသွားမှာဖြစ်ပါတယ်လို့ပြောဆိုတာကို တရုတ်နိုင်ငံခြားရေးဌာနကြေညာချက်တစ်ခုမှ အတိအကျဖော်ပြခဲ့ပါတယ်။ **(REUTERS, 21.12.2009)**

## ရေနံပိုက်လိုင်းအတွက်အာမခံချက်ရရှိ

တရုတ်နိုင်ငံရဲ့ရေနံလုပ်ငန်းကြီးတခုဖြစ်တဲ့ CNPC ဟာ ၇၇၁ ကီလိုမီတာအရှည်ရှိတဲ့ ရခိုင်ပြည်နယ်မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အထိရှည်တဲ့ ရေနံသယ်ယူပိုက်လိုင်းရဲ့လုပ်ငန်းလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ လုံခြုံရေးတို့အတွက် နအဖဆီကနေ အာမခံချက်ရရှိလိုက်ပြီလို့သိရပါတယ်။ တရုတ်ဒုတိယသမတ မြန်မာနိုင်ငံကို ရောက်ရှိနေစဉ် ဒီအတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုး နိုင်ခဲ့ပါတယ်။ **(EARTH TIMES, 22.12.2009)**

# သုံးဆယ်ဆည် ရေမလွှတ်သေး၍ နွေစပါးစိုက်မည့်သူ ဒုက္ခရောက်

**DVB၊ ဒီဇင်ဘာ ၂၂။** ။ ပဲခူးတိုင်း သာယာဝတီမြို့နယ်တွင်း နွေစပါးစိုက်ဖို့ ရေလွှတ်ပေးမယ်လို့ အာဏာပိုင်တွေက ပြောဆိုခဲ့ပေမယ့် အခုချိန်ထိ ရေမလွှတ်ပေးနိုင်သေးတာကြောင့် နွေစပါးစိုက်ဖို့စောင့်ဆိုင်းနေတဲ့ လယ်သမားတွေ ရာသီချိန်မမီတော့မှာကို စိုးရိမ်နေကြပါတယ်။

သာယာဝတီအရှေ့ခြမ်းကလယ်တွေ နွေစပါးစိုက်ရမယ်လို့ မြို့နယ်အာဏာပိုင်တွေက ပြီးခဲ့တဲ့ နိုဝင်ဘာလဆန်းက ညွှန်ကြားခဲ့ပြီး ဒီစီမံကိန်းအရ ၃၀ ဆယ်ကနေ ရေလွှတ်ပေးမယ်လို့ ပြောဆိုခဲ့ပါတယ်။ အခုလဆန်း ၁ ရေနေ့က ရေစမ်းလွှတ်ပေးခဲ့ပေမယ့် ဆည်ရေတံခါးအခက်အခဲနဲ့ ရေမြောင်းတွေအခက်ခဲကြောင့် အခုချိန်ထိ ရေမလွှတ်ပေးနိုင်သေးပါဘူး။ တလနီးပါးကြာပြီ ဖြစ်ပေမယ့် သာယာဝတီအရှေ့ခြမ်းဘက်ကို ရေမရောက်သေးတဲ့ အတွက် နွေစပါးစိုက်ဖို့ ပြင်ဆင်နေတဲ့တောင်သူတွေ ဆုံးရှုံးမှာစိုးရိမ်နေကြတယ်လို့ လယ်သမားတဦးကပြောပါတယ်။

"သာယာဝတီ အရှေ့ခြမ်း ပဲမစိုက်ရဘူးဆိုတော့ စပါးက စိုက်ချင်နေတာပေါ့။ သူတို့က ရေကို အခုထိ ပို့မပေးနိုင်ဘူး၊ မြောင်းတွေက ရေလွှတ်လိုက် ပျက်စီးလိုက်ဖြစ်နေတယ်၊ အခု လိုက်ပြုပြင်နေရတုန်းပဲ၊ စိုက်မယ့် ရာသီက နောက်ကျသွားရင် ဟိုဘက်မိုးနဲ့ရောသွားမှာလည်း စိုးရိမ်နေရတယ်။ ရေလွှတ်စေချင်နေပြီ၊ ရှေ့လဆန်းထဲမှာ ရေလွှတ်ပေးရမှာလေ၊ ဗမာလိုဆိုရင်တော့ တန်ဆောင်မုန်း လပြည့်ကျော်လောက်ပေါ့။ အခု နတ်တော်လ ကုန်သွားပြီ၊ နောက်ကျနေပြီ၊ ရေကမလာသေးဘူး၊ လယ်သမားတွေ ကတော့ စိတ်ပူနေကြ တာပေါ့၊ ကုန်းကျတဲ့ လယ်တွေကို ပဲစိုက်ခွင့်ပေးထားတယ်လေ၊ နိမ့်တဲ့ ဘက်ကျတဲ့ လယ်သမားတွေကျတော့ ပဲမစိုက်ရတော့ ရေကိုမျှော်လင့်နေကြတာပေါ့။"

လက်ရှိအနေအထားမှာ ရေမြောင်းတွေကို ပြန်လည်ပြင်ဆင်နေတဲ့အတွက် လာမယ့်အပတ်ကျမှ ရေလွှတ်ပေးနိုင်မယ်လို့ အာဏာပိုင်တွေဘက်က ပြောဆိုနေပေမယ့် ဘယ်လိုပြဿနာတွေ ဖြစ်ပေါ်လာဦးမလဲ ဆိုတာမသိရသေးဘူးလို့ သူက ဆက်ပြောပါတယ်။ သာယာဝတီအရှေ့ခြမ်းက လယ်သမားတွေဟာ တခါမှ နွေစပါးမစိုက်ဖူးသေးတာကြောင့် ဆည်ရေဘယ်နေရာထိ ရောက်မယ်ဆိုတာ မသိကြသေးပဲ ရေမရောက်ဘူး ထင်တဲ့နေရာတွေမှာ ပဲစိုက်ကြပါတယ်။ ရေမြောင်းနဲ့နီးတဲ့နေလယ်တွေကတော့ နွေစပါးစိုက်ဖို့ ပြင်ဆင်နေကြပေမယ့် ရေလွှတ်ချိန်နောက်ကျလို့ ဖြစ်ပေါ်လာမယ့် ဆုံးရှုံးမှုတွေကို သူက ရှင်းပြပါတယ်။

"မတ်ပဲရောင်းရငွေက ဒီစပါးထက်ရတယ်လေ၊ သို့သော် မယကက အခုလက်ရှိ စပါးစိုက်ရမယ်လို့ ကြေညာထားတယ်၊ အချိန်မှီ အခါမှီ စိုက်ချင်တာပေါ့။ လယ်သမားတဦးကို ရှစ်ကေသာ လုပ်ပိုင်ခွင့်ရှိတယ်၊ အဲဒီ ၈ ကေမှာ ပဲစိုက်လို့ရတဲ့ အချို့လယ်သမားကျတော့ ၅ ကေဘဲ စိုက်တယ်၊ အချို့ကျတော့ လုံးလုံးလွှတ်ပြီး စောင့်နေကြတယ်ပေါ့။ လယ်သမားဦးရေတွေက အများကြီးဘဲ စောင့်နေကြတယ်။ ခါတိုင်းက ပဲအရင်စိုက်ကြတယ်၊ ပဲအရင်စိုက်တဲ့ဟာကို သူက မဖြစ်မနေစိုက်ရမယ်ဆိုတော့ အဲဒီရေကိုစောင့်နေကြတယ်၊ အချိန်မှီ အခါမှီ လုပ်ချင်ကြတယ်၊ ၁၀ ရက်နေ့က လွှတ်မယ်ဆိုပြီး မလွှတ်တော့၊ တလနောက်ကျတာပေါ့။ နောက်ကျတော့ ကျနော်တို့ မိုးစပါးနဲ့ ကျနော်တို့သွားရောသွားတယ်၊ ပိုပြီး ဒုက္ခတွေရောက်ကုန်တယ်။"

ရေလွှတ်ဖို့ လယ်သမားတွေဘက်က ပူဆာနေတဲ့တွက် လိုအပ်တာထက် ဆည်ရေ ပိုလွှတ်ရင် စိုက်ပြီးသားပဲခင်းတွေထဲရေဝင်ပြီး ဆုံးရှုံးမှာကိုလည်း စိုးရိမ်နေကြပါတယ်။ အာဏာပိုင်တွေက နွေစပါးစိုက်ပျိုးဖို့သာ ညွှန်ကြားပေမယ့် ဘယ်လယ်ကို ဆည်ရေရောက်မယ်၊ ဘယ်လယ်ကို ရေမရောက်ဘူးဆိုတာ လယ်သမားတွေကို တိတိကျကျ မပြောထားပါဘူး။ စပါးကို အားထားပြီး ဆည်ရေမျှော်တဲ့ လယ်သမားတွေက နွေစပါးရာသီမှာ ရေအပြည့်မရမှာနဲ့ လုပ်ငန်းမကျွမ်းကျင်သေးလို့ ဆုံးရှုံးမှာကို စိုးရိမ်နေကြပါတယ်။

# ဆရာမြို့မငြိမ်း ရာပြည့်အခမ်းအနား မန္တလေးတွင် ပြုလုပ်မည်

**DVB၊ ဒီဇင်ဘာ ၂၂။** ။ ဆရာမြို့မငြိမ်းရဲ့ ရာပြည့်မွေးနေ့အထိမ်းအမှတ် အနေနဲ့ မန္တလေးမြို့မ တူရိယာတီးဝိုင်းက အမှတ်တရဂီတဖျော်ဖြေပွဲကို မန္တလေးမြို့မတူရိယာအသင်းတိုက်ရှေ့မှာ ကျင်းပပြုလုပ်မယ် လို့သိရပါတယ်။

ဆရာမြို့မငြိမ်း ရာပြည့်မွေးနေ့ အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၃၀ ရက်နေ့မှာ မန္တလေးမြို့မတူရိယာအသင်းတိုက်တည်ရှိတဲ့ ၂–လမ်းနဲ့ ၈၆–လမ်းထောင့်မှာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ ဂီတဖျော်ဖြေပွဲမှာတော့ မြို့မဂီတဝိုင်းတော်သားတွေအပြင် မန္တလေးမြို့ခံ စာပေအနုပညာရှင်တွေလည်း ပါဝင်တင်ဆက်ကြမှာဖြစ်ပါတယ်။ ဆရာမြို့မငြိမ်းရာ ပြည့်အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲနဲ့ ပတ်သက်ပြီး ရွှေမန္တလေးဂျာနယ် အယ်ဒီတာချုပ် ဆရာသိုက်ထွန်းသက်က အခုလိုပြောပါတယ်။

"မန္တလေး စာပေအနုပညာရှင်များနဲ့ မြို့မတူရိယာအဖွဲ့တို့ တွဲပြီးတော့ လုပ်မယ့် အစီအစဥ်ပါ။ ဆရာမြို့မငြိမ်းရဲ့ တောက်ပတဲ့သီချင်းတွေ တီးကြ၊ မှုတ်ကြမယ့်သဘောရှိတယ်၊ ရန်ကုန်က ဆရာကြီး စန္ဒရားဦးသိန်းမောင်၊ ဒေါ်ရီရီသန့်၊ မန္တလေးက အငြိမ့်ပညာရှင်တွေဖြစ်တဲ့ ဒေါ်ဌေးဌေးမြင့်၊ ဒေါ်မြင့်မြင့်သန်းတို့ မန္တလေးကိုလာမယ်လို့သိရတယ်၊ သီချင်းတိုက်တာတွေကတော့ ၂၃၊ ၂၅ လောက်မှ လုပ်မယ်လို့ ကြားတယ်။"

ဆရာညီပုလေးကတော့ ဆရာမြို့မငြိမ်းလို ပုဂ္ဂိုလ်မျိုးတွေရဲ့ အမှတ်တရအခမ်းအနားတွေကို အခုထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သင့်တယ်လို့ ပြောပါတယ်။

"အနုပညာ အထူးသဖြင့် တေးဂီတနဲ့ပတ်သက်လို့ ၂ ယောက်မရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ ပွဲလမ်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ထွန်းထွန်းကားကားလုပ်ရမှာ၊ ရန်ကုန်မှာလည်း လုပ်ရမှာပေါ့၊ ဆရာငြိမ်းကို ရှိသေ၊ ချစ်ခင်၊ လေးစားတဲ့လူတွေ လက်ဖက်ရည်ဝိုင်းကလေးပဲဖြစ်ဖြစ်၊ စကားဝိုင်းကလေးပဲဖြစ်ဖြစ်၊ ကျင်းပရမှာ၊ ကျင်းပကျလိမ့် မယ်လို့လည်း ထင်ပါတယ်။"

ဂီတစာဆို ဆရာမြို့ငြိမ်း အမှတ်တရအနေနဲ့ မြို့မအသင်းတိုက်ရှေ့မှာ အထိမ်းအမှတ်ကြေးရုပ် သွန်းလုပ်ပြီး ဆရာကို ဂုဏ်ပြုသင့်တယ်လို့လည်း ဆရာညီပုလေးက ဆက်ပြောပါတယ်။

"ကျနော် အစောကြီးကတည်းက စာထဲလည်း ထည့်ရေးဘူးတယ်၊ မြို့မအသင်းတိုက်ရှေ့မှာ ဆရာငြိမ်းအမှတ်တရ ကြေးရုပ်ရှိသင့်တယ်လို့၊ အဲဒီလိုထားရမယ့် ပုဂ္ဂိုလ်လို့ခံယူတာပါ။ ဆရာ့ မိသားစုတွေ ဆွေးမျိုးတွေ၊ လုပ်ဖေါ် ကိုင်ဖက်တွေ ရှိတုန်းမှာ ကြေးရုပ်ရှိရင်ကောင်းမယ်၊ ကျနော် အဲဒီလို ခံယူတဲ့လူပါ။"

ဆရာမြို့မငြိမ်းကို ၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် တနင်္လာနေ့မှာ အဘဦးညို၊ အမိဒေါ်ချစ်ဦးတို့က မန္တလေးမြို့မှာ မွေးဖွားခဲ့ပြီး အမည်ရင်းကတော့ ဦးကျော်ငြိမ်းဖြစ်ပါတယ်။ ဆရာဟာ ၁၉၂၈ ခုနှစ် မြို့မတူရိယာတီးဝိုင်းကို စတင်ထူထောင်ချိန်မှာ ပါဝင်ခဲ့ပြီး ၁၉၃၁ မှစတင်ကာ သီချင်းတွေကို ရေးခဲ့ပါတယ်။ ဆရာရေးသားခဲ့တဲ့ သီချင်းအပုဒ် ၂၀၀ ကျော်ရှိပြီး လူချွန်လူကောင်း၊ နတ်သျှင်နောင်၊ မေ့ပါနိုင်၊ ပျို့မှာတမ်း စတဲ့သီချင်းတွေက ထင်ရှားလှပါတယ်။

ဆရာ သီချင်းစတင်ရေးသားချိန်က မြန်မာဂီတလောကမှာ အနောက်တိုင်းဂီတတေးသွားတွေကို မြန်မာစကားလုံးသွင်းကာ စပ်ဆိုလေ့ရှိတဲ့ အလေ့အထ ခေတ်စားနေချိန်ဖြစ်ပါတယ်။ ဆရာဟာ အနောက်တိုင်းဂီတက သီချင်းစပ်နည်းကို မှီငြမ်းခဲ့သော်လည်း တေးသွားတွေကို တုပခြင်းမရှိပဲ မြန်မာ့ကိုယ်ပိုင်ဟန် ဂီတတေးသွားတွေအဖြစ် ဖန်တီးခဲ့သူတယောက်ဖြစ်ပါတယ်။ ဆရာဟာ ဂီတဘက်တွင်သာမကပဲ ပန်းချီပန်းပု စတဲ့ အနုပညာဘက်တွေမှာလည်း ထူးချွန်ခဲ့သူတယောက်ဖြစ်ခဲ့ပြီး ၁၉၅၅ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်မှာ ကွယ်လွန်ခဲ့ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်အမှု အယူခံ ကြားနာစစ်ဆေးရန် လက်ခံ

**DVB၊ ဒီဇင်ဘာ ၂၁။** ။ နေအိမ်အကျယ်ချုပ်ချထားခံရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုအတွက် ဒီကနေ့တင်သွင်းတဲ့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်လဲချက် အယူခံကို ဗဟိုတရားရုံးချုပ်က လက်ခံလိုက်တယ်လို့ ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် ပြင်ဆင်မှုအယူခံကို ရှေ့နေဦးကြည်ဝင်းက လျှောက်လဲချက်ပေးခဲ့တာဖြစ်ပြီး ဒေါ်ခင်ခင်ဝင်းနဲ့ ဒေါ်ဝင်းမမတို့ သားအမိ ၂ ဦးအတွက်ကိုတော့ ရှေ့နေဦးလှမျိုးမြင့်က လျှောက်လဲချက်ပေးခဲ့တယ်လို့ သိရပါတယ်။ ဒီကနေ့ အယူခံလျှောက်ချက်ပေးရာမှာ ဥပဒေကြောင်းအရ အဓိက ထောက်ပြခဲ့တာတွေနဲ့ပတ်သက်ပြီး ရှေ့နေဦးဉာဏ်ဝင်းက အခုလိုပြောပြပါတယ်။

"အဓိက လျှောက်လဲခဲ့တာက ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိတော့ဘူးလို့ တိုင်းတရားရုံးက သုံးသပ်တယ်။ မရှိတော့ဘူးဆိုရင် ဒီ ဥပဒေထဲက ပုဒ်မတွေကိုယူပြီးတော့ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ကန့်သတ်တယ်။ ဒီပုဒ်မတွေအရ ကန့်သတ်တဲ့အမိန့်သည် တရားမဝင်ဘူး။ ဒီ ကန့်သတ်မိန့်ပေါ်မှာ မူတည်ပြီးတော့ အကျယ်ချုပ်ချထားတဲ့တားဆီးမိန့်တွေကိုလည်း ဆက်ထုတ်တာ တရားမဝင်ဘူး၊ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ ဘယ်ပြစ်မှုကိုမှ ကျူးလွန်ခြင်း မရှိဘူးဆိုတဲ့ဟာကို ဖောင်းပေးပြီး လျှောက်လဲချက်ပေးခဲ့ပါတယ်။"

အစိုးရဘက်က တင်သွင်းတဲ့ ပြင်ဆင်မှုကိုတော့ ဥပဒေဝန်ထမ်း ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်းက လျှောက်လဲချက်ပေးခဲ့တာဖြစ်ပြီး ဒီလျှောက်လဲချက်ကိုလည်း တရားရုံးက လက်ခံလိုက်တယ်လို့သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ်ချမှတ်ထားတဲ့ ပြစ်ဒဏ်နဲ့ပတ်သက်ပြီး အစိုးရဘက်က ပြင်ဆင်မှုလျှောက်လဲချက်ပေးတာနဲ့ပါတ်သက်လို့ ရှေ့နေ ဦးဉာဏ်ဝင်းက အခုလို ပြောပြပါတယ်။

"သူတို့ဘက်က တင်ပြတာက ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တရားဝင် ပယ်ဖျက်ကြောင်း အမိန့်ကြေငြာစာမရှိဘူး။ မရှိဘဲနဲ့ အခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိဒါန်းမှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ရပ်ဆိုင်းသွားပြီ၊ ရပ်ဆိုင်းတယ်ဆိုတာက ပယ်ဖျက်တာ မဟုတ်ဘူး၊ သူတို့က ဒါကို ပြောတယ်။ ကျနော်တို့မြင်တာက ရပ်ဆိုင်းတာပဲဖြစ်ဖြစ်၊ ချုပ်ငြိမ်းတာဘဲဖြစ်ဖြစ်၊ အဲဒီ ဥပဒေဟာ သုံးခွင့်မရှိတော့ဘူးလို့ မြင်ပါတယ်။ အခုနလို ပြန်ကောက်ရရင် သုံးခွင့်မရှိတဲ့ ဥပဒေထဲက ပုဒ်မတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ကန့်သတ်မိန့်ချထားတာဟာ တရားမဝင်ဘူးလို့ ဒီလိုပဲ ဆက်ပြီးတော့ပြောရပါလိမ့်မယ်။"

နှစ်ဘက်အပြီးသတ် လျှောက်လဲချက်ပေးရမဲ့ ရက် သိရဘို့အတွက် သောကြာနေ့တိုင်းထွက်တဲ့ အမှုစာရင်းကို စောင့်ကြည့်ရမှာဖြစ်ပြီး အနည်းဆုံး ၁ လ ခွဲလောက်ကြာနိုင်တယ်လို့ ဦးဉာဏ်ဝင်းက ခန့်မှန်း ပြောပြပါတယ်။ ဒီတကြိမ်အယူခံအတွက် မျှော်လင့်ချက်မေးတဲ့အခါမှာ တရားဥပဒေကြောင်းအရ ဒေါ်အောင်ဆန်းစုကြည်မှာ အပြစ်မရှိကြောင်း ပေါ်လွင်နေတယ်လို့ ဦးဉာဏ်ဝင်းက ဖြေဆိုခဲ့ပါတယ်။ အပြီးသတ် လျှောက်လဲချက်မပေးခင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဘို့လို အပ်တယ်လို့လည်း ပြောကြားသွားခဲ့ပါတယ်။ ဩဂုတ်လအတွင်းမှာ နေအိမ်အကျယ်ချုပ် စည်းကမ်းဖေါက်ဖျက်မှုနဲ့ ထောင်ဒဏ် ၃ နှစ် စီရင်ချက် ချခဲ့ပါတယ်။ နောက်ပိုင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့အမိန့်နဲ့ပြစ်ဒဏ်ထက်ဝက် လျှော့ချပြီး နေအိမ်အကျယ်ချုပ် ၁ နှစ်ခွဲအဖြစ် ပြောင်းလဲချမှတ်ခဲ့ပါတယ်။

# အဖွဲ့ချုပ် လူငယ်အဖွဲ့ ပြန်လည်ဖွဲ့စည်းရေးကိစ္စကို အရှိန်မြှင့်ဆောင်ရွက်နေ

**DVB၊ ဒီဇင်ဘာ ၂၁။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်နယ်နဲ့တိုင်းတွေမှာ လူငယ်နဲ့ အမျိုးသမီးလုပ်ငန်းဖေါ်ဆောင်ရေးအဖွဲ့တွေ ပြန်လည်ဖွဲ့စည်းရေးကိစ္စကို အရှိန်မြှင့်ဆောင်ရွက်နေတယ်လို့ ပြောပါတယ်။

အခုလ ၁၅ ရက်နေ့ကလည်း ရန်ကုန်တိုင်း ကော့မှူးမြို့နယ် လူငယ်လုပ်ငန်းဖေါ်ဆောင်ရေးအဖွဲ့ကို ပြန်လည် ဖွဲ့စည်းပေးခဲ့တယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို လူငယ်လုပ်ငန်းအဖွဲ့တာဝန်ခံ ၂ ကိုလှဦးက အခုလို ပြောပြပါတယ်။

"ကော့မှူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ကို ဖွဲ့ခဲ့တဲ့အချိန်မှာ ကျနော်တို့ဘက်က ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီအဖွဲ့နဲ့ရန်ကုန်တိုင်း လူငယ်အကူအညီပေးရေး၊ လူငယ်လုပ်ငန်းများ ဖေါ်ဆောင်ရေးအဖွဲ့ အားလုံးပူးတွဲပါ ၁၀ ဦး သွားပါတယ်။ ဖွဲ့စည်းရေးမှာ ကျေးရွာလေးတခုမှာ အစအဆုံးအောင်မြင်ချောမောစွာ ၈ ဦးနဲ့ ဖွဲ့စည်းနိုင်ခဲ့တယ်။ ဖွဲ့စည်းနိုင်ခဲ့ တဲ့နောက်မှာလုပ်ငန်းအဖွဲ့တွေကို တာဝန်ပေးပြီးတော့ ပြန်လာခဲ့ပါတယ်။ လက်ရှိလုပ်ငန်းတွေကတော့ ကျနော်တို့ပါတီအဖွဲ့အစည်းမှာ လူငယ်လုပ်ငန်းအဖွဲ့တွေနဲ့ အားအင်ပြန်ဖြည့်ပြီးတော့ လူငယ်လုပ်ငန်းအဖွဲ့တွေ တိုင်းနဲ့ပြည်နယ်တွေမှာ ပေါ်လာဖို့၊ မြို့နယ်ကလည်း ကျေးရွာအုပ်စုတွေမှာ ရပ်ကွက်တွေမှာလည်း ကျေးရွာအုပ်စုမှာရှိတဲ့ လူငယ်လုပ်ငန်းအဖွဲ့တွေ ပေါ်ပေါက်နိုင်အောင် ဖွဲ့စည်းဖို့တာဝန်ပေးတာဖြစ်ပါတယ်။"

ကော့မှူးမြို့နယ် လူငယ်လုပ်ငန်းအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့ ဒေါ်မေဝင်းမြင့်၊ ဒေါက်တာသန်းဝင်း၊ ဦးသာဆိုင်နဲ့ကော့မှူး လွှတ်တော်ကိုယ်စားလှယ် ဦးဘဆွေတို့က တာဝန်ယူဆောင်ရွက်ပေးခဲ့တာလို့ ပြောပါတယ်။ ပြည်နယ်နဲ့တိုင်း လူငယ်လုပ်ငန်းဖေါ်ဆောင်ရေးအဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေးလုပ်ငန်းတွေ အရှိန်မြှင့်ဆောင်ရွက်နေတာနဲ့ပါတ်သက်လို့ ကိုလှဦးက အခုလို ရှင်းပြပါတယ်။

"ကျနော်တို့ လူငယ်လုပ်ငန်းအဖွဲ့တွေကို တိုင်းနဲ့ပြည်နယ် အသီးသီးမှာ ရန် ကုန်တိုင်း၊ မန္တလေးတိုင်း၊ တိုင်းနဲ့ပြည်နယ် ၁၄ ခုလုံးမှာ မြို့နယ်တွေ အသီးသီး ဖွဲ့စည်းပြီးတော့ လူငယ်လုပ်ငန်းအဖွဲ့ ကျစ်လစ်ခိုင်မာဖို့အတွက် ဖွဲ့စည်းနေရခြင်းဖြစ်ပါတယ်။ တိုင်းနဲ့ပြည်နယ်တွေမှာ ဖြန့်ကျက်ပြီး ဖွဲ့နေတာ အားလုံးလုပ်ငန်းအဖွဲ့ ၇၀ နီးပါးရှိပါတယ်။ ဖွဲ့ပြီးတော့ လာမယ့် ၁ ရက်နေ့မှာ ဒီလုပ်ငန်းအဖွဲ့တွေကို ဘယ်လိုဖွဲ့မလဲ၊ ပါတီတာဝန်တွေကို ဘယ်လိုပေးမလဲ၊ တိုင်းနဲ့ပြည်နယ် အသီးသီးကို ဖြန့်ကျက်ပြီး ဘယ်လိုအင်အားနဲ့ ဖွဲ့နိုင်မလဲဆိုတာကို ဆွေးနွေးဖို့အတွက်ကို ကျနော်တို့ ပါတီအစည်းအဝေးတခု ခေါ်ထားပါတယ်၊ အခုဆို ရန်ကုန်၊ မန္တလေး၊ တိုင်းနဲ့ပြည်နယ် အသီးသီးမှာလည်း လူငယ် လုပ်ငန်းအဖွဲ့၊ အမျိုးသမီးလုပ်ငန်းအဖွဲ့တွေ ဖွဲ့နိုင်ဖို့အတွက်ကို မြို့နယ်စည်းတွေနဲ့ တိုင်းစည်းရုံးရေးကော်မတီတွေ ပူးပေါင်းပြီးတော့ လုပ်ငန်းအဖွဲ့တွေ ပေါ်ပေါက်လာရေးကို အားကြိုးမာန်တက်နဲ့ လုပ်နေတယ်ဆိုတာ တွေ့ရပါတယ်။"

ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ စကားရည်လုပွဲနဲ့ ရုပ်ပုံငွေရှာဖွေရေးအစီစဉ်တွေကို လူငယ်တွေက ဦးဆောင်ပြုလုပ်ဖို့ ပြင်ဆင်နေပါတယ်။ အခုလို လူငယ်လုပ်ငန်းဖေါ်ဆောင်ရေးအဖွဲ့တွေ အရှိန်မြှင့် ဆောင်ရွက်နေစဉ်မှာပဲ အဖွဲ့ချုပ်ရုံး ချုပ်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် ရုံးခန်းတခုပြုလုပ်နေတယ်လို့သိရပါတယ်။ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးခင်မောင်ဆွေကို ဆက်သွယ်မေးကြည့်တဲ့အခါ အခုလို ပြောပြပါတယ်။

"ဒီကိစ္စက လွန်ခဲ့တဲ့နှစ် တော်တော်ကြာကတည်းက ဒီအပေါ်မှာ အခန်းတခန်းဖွဲ့ဖို့ အစီအစဉ်ရှိတယ်။ အိမ်ရှင်တွေက သဘောတူပြီးသားပါ။ အဲဒီနေရာမှာ အမိုးက မိုးယိုပြီး ကြမ်းခင်းတွေကလည်း ပေါက်နေတဲ့အခါကျတော့ အောက်က ဟောခန်းမကြီးက မလုံဘူး၊ အဲဒီနေရာကို မိုးယိုတာဖာ အစရှိသဖြင့် ပြင်ဖို့လုပ်ရင်းနဲ့ ထပ်ပြီးတော့ အခန်းတခန်းဖွဲ့လိုက်ရင် ကောင်းမယ်ဆိုပြီး ရည်ရွယ်ပြီးတော့ လုပ်ဖို့စဉ်းစားနေကြတာပါ။ နောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်လာတဲ့အခါ သူ့ရုံးခန်းဖွင့်ရင်လည်း ရတာပေါ့"။

# လူတုပ်ကွေးရောဂါ မပြန့်အောင် တရုတ်နယ်စပ်ဂိတ်၌ ကျန်းမာရေးစစ်

**DVB၊ ဒီဇင်ဘာ ၂၀။** ။ ရှမ်းပြည်နယ်၊ မူဆယ်မြို့တဘက်ခြမ်း တရုတ်ပြည်နယ်စပ်ရွှေလီမြို့မှာ AH1N1 လူတုပ်ကွေးရောဂါ ဖြစ်ပွားနေလို့ အခုလ ၁၀ ရက်နေ့ကတည်းက ကျောင်းတွေပိတ်ထားရတယ်လို့ သိရပါတယ်။

ကျောင်းပိတ်တဲ့ရက်ကစပြီး သက်ဆိုင်ရာအာဏာပိုင်တွေက ရောဂါကာကွယ်ဆေးထိုးပေးပေမယ့် လက်ရှိအခြေအနေမှာ ဆေးပြတ်သွားတဲ့အတွက် လူအတော်များများမထိုးရသေးဘူးလို့ ရွှေလီမြို့မှာနေတဲ့ မြန်မာတဦးက ပြောပါတယ်။

"ကာကွယ်ဆေးထိုးပေမယ့် ဆေးမလုံလောက်ဘူး၊ တချို့အထက်တန်းကျောင်းသား၊ နောက်ပြီးတော့ တက်စီသမား၊ ရုံးဝန်ထမ်း၊ ဆေးမလုံလောက်တဲ့ခါကျတော့ လူအများနဲ့ဆက်ဆံရတဲ့ လူတွေပဲ အဓိကထိုးပေးတယ်။"

မနက်ဖြန် ကျောင်းပြန်ဖွင့်မယ်လို့ ရွှေလီမြို့အာဏာပြောဆိုပေမယ့် သူ့ကလေးကို ကျောင်းကို မလွှတ်ရဲသေးဘူးလို့ အဲဒီရွှေလီမြို့ခံကပဲ ပြောပါတယ်။

"ကျောင်းကို မနက်ဖြန်ဖွင့်မယ်လို့ပြောတယ်။ လွှတ်ဖို့တော့ ခက်နေတယ်၊ ဘာလို့လည်းဆိုတော့ ဆေးက အခုထိမထိုးပေးနိုင်သေးဘူး။ ဒီနေ့ ကာကွယ်ဆေးဌာနကို လှမ်းမေးကြည့်တော့ ဆေးမရှိသေးဘူးတဲ့၊ နောက်နှစ် တလပိုင်းမှရောက်နိုင်တယ်ပေါ့။"

ရွှေလီမြို့ပေါ်မှာ လူသုံးဦးမှာ AH1N1 ရောဂါပိုးတွေ့ရှိလို့ ကျောင်းတွေ စပိတ်ခဲ့ရတာဖြစ်ပြီး အသေအပျောက်တော့ မရှိသေးဘူးလို့ဆိုပါတယ်။ ဒါပေမယ့် ယူနန်ပြည်နယ်မှာတော့ ဒီရောဂါကြောင့်သေဆုံးသူ ၇ ဦး ရှိပြီလို့ တရုတ်အာဏာပိုင်တွေက ကြေညာပါတယ်။ ရွှေလီမြို့နဲ့ကပ်ရက် ရှမ်းပြည်နယ် မူဆယ်မြို့မှာတော့ ရောဂါကူးစက်တဲ့ လက္ခဏာမတွေ့ရသေးဘူးလို့သိရပါတယ်။ ဒီရောဂါကူးစက်ပြန့်ပွားမှုမဖြစ်အောင် နယ်စပ်ဝင်ပေါက်ဂိတ်တွေမှာ ကျန်းမာရေးဌာနက သေသေချာချာစစ်ဆေးနေတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

အထူးသဖြင့် ရွှေလီဘက်ကလာတဲ့သူကို သေသေချာချာ စစ်ဆေးနေတယ်လို့ဆိုပါတယ်။ ဒါပေမယ့် ရောဂါစစ်ဆေးသူတွေဟာ ညနေ ၄ နာရီအထိပဲ စစ်ဆေးပေးတဲ့အတွက် အဲဒီအချိန်နောက်ပိုင်း သွားလာသူတွေ ရောဂါဖြစ်ပွားမှုရှိမရှိ မသိရတဲ့အတွက် စိုးရိမ်စရာပဲလို့ မူဆယ်မြို့ခံတွေက ပြောပါတယ်။ တရုတ်နိုင်ငံမှာ လူတုပ်ကွေးရောဂါပိုးကူးစက်သူ တသိန်းကျော်သွားပြီဖြစ်ပြီး သေဆုံးသူ ၃၂၆ ယောက်ရှိသွားပြီလို့ တရုတ်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ထားပါတယ်။ တရုတ်ပြည်ရဲ့ တုပ်ကွေးရာသီဟာ အခုဒီဇင်ဘာကနေ မတ်လအထိဖြစ်တဲ့အတွက် တရုတ်အစိုးရက ကြိုတင်ကာကွယ်ရေးအတွက် နေ့စဉ်ပျမ်းမျှ လူတသန်းကို ကာကွယ်ဆေးထိုးပေးနေတယ်လို့လည်း သိရပါတယ်။ မြန်မာနိုင်ငံမှာတော့ ပြီးခဲ့တဲ့အပတ်စာရင်းအရ ကမ္ဘာ့လူတုပ်ကွေးရောဂါကူးစက်ခံရသူ ၆၄ ဦးရှိသွားပြီဖြစ်ပြီး ၆၂ ဦးကတော့ ရောဂါသက်သာလို့ ဆေးရုံက ဆင်းသွားပြီလို့ မြန်မာကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဒီလ ၁၁ ရက် သတင်းထုတ်ပြန်အချက်အရ ဒီရောဂါကြောင့် ကမ္ဘာတဝန်း သေဆုံးသူ ၉,၆၀၀ နီးပါးရှိပြီလို့ သိရပါတယ်။

# ဇိုမီးကွန်ဂရက် ဥက္ကဋ္ဌ ကွယ်လွန်

**DVB၊ ဒီဇင်ဘာ ၂၂။** ။ ဇိုမီးအမျိုးသားကွန်ဂရက် ဒုဥက္ကဋ္ဌ ပူးဒိုပေါင် Pu Do Pau ကျန်းမာရေးမကောင်းဖြစ်ပြီး ဒီလ ၁၅ ရက်က ကွယ်လွန်သွားပါတယ်။

ဇိုမီးအမျိုးသားကွန်ဂရက် ဒုဥက္ကဋ္ဌပူးဒိုပေါင် ၄၉ နှစ်ဟာ ဒီလ ၁၅ ရက်က ကွယ်လွန်သွားတယ်လို့ သူ့သမီး ဝဲစန်းကျိန်က ပြောပါတယ်။

"အစက အကြောညှပ်တာပေါ့၊ အကြောညှပ်ပြီး လေဖြတ်သွားတယ်၊ သွေးတိုးရှိတယ်၊ အစာအိမ်ရှိတယ်၊ ဒီဇင်ဘာ ၁၅ ရက် ညနေ ၈ နာရီခွဲမှာ သွေးတိုးပြီးတော့ ဦးနှောက်သွေးကြောပေါက်ပြီး ဆုံးသွားတယ်လို့ ပြောတယ်။"

ရန်ကုန်မြို့ဘားလမ်းမှာရှိတဲ့ မူဆလင်ကုသိုလ်ဖြစ် ဆေးရုံကနေ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးကို သွားဖို့အိမ်ပြန်စဉ် အိမ်မှာ ဆုံးပါးသွားပြီး ဒီဇင်ဘာ ၁၈ ရက်နေ့မှာ သင်္ဂြိုဟ်ခဲ့တယ်လို့ ဝဲစန်းကျိန်က ပြောပါတယ်။

ပူးဒိုပေါင်ဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတုန်းက စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မှာ ဇိုမီးအမျိုးသားကွန်ဂရက်ကို ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဇိုမီးအမျိုးသားကွန်ဂရက် ဒုဥက္ကဋ္ဌ ပူးဆွန်ခိုးထန် ကွယ်လွန်ပြီးတဲ့နောက် ဒုဥက္ကဋ္ဌတာဝန်ယူခဲ့တာဖြစ်ပါတယ်။ ကွယ်လွန်ချိန်မှာ အသက် ၄၉ နှစ်ရှိပြီဖြစ်ပြီး ဇနီးနဲ့အတူ သားသုံးဦး၊ သမီးသုံးဦး ကျန်ရစ်ခဲ့ပါတယ်။ ပူးဒိုပေါင် ကွယ်လွန်သွားတဲ့အတွက် ဇိုမီးအမျိုးသားကွန်ဂရက်အတွက်နစ်နာတယ်လို့ ဥက္ကဋ္ဌ ပူးကျင့်ရှင်းထန်က ပြောပါတယ်။

"အခုအချိန်အခါမှာ ဒီလိုနောက်ထပ် ရွေးကောက်ပွဲလုပ်ဖို့၊ နိုင်ငံရေးအင်မတန်မှ ရှုပ်ထွေးနေတဲ့အချိန် သူဆုံးသွားတော့ ကျနော်တို့မှာ အားငယ်သွားတာပေါ့။ ဒါပေမယ့် အစားထိုးဖို့ အခုလောလောဆယ်တော့ မရှိသေးပါဘူး။ ထုံးစံအရတော့ အစားထိုးဖို့က လုပ်ပါမယ်။ ကျနော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံရေးလုပ်ကိုင်ဖို့ဆိုတာက တော်တော်လေးကို ကျပ်တည်းနေတဲ့အချိန်ဖြစ်နေတော့ နည်းနည်းလေးအချိန်ယူပြီး စောင့်နေရတာပါ။"

# မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးသံခန့်

**DVB၊ ဒီဇင်ဘာ ၁၉။** ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် အီဘရာဟင် ဂမ်ဘာရီရဲ့နေရာကို အိန္ဒိယသံတမန်ဟောင်း ဗီဂျေးနမ်ဘီယာက တာဝန်လွှဲပြောင်း ယူတော့မယ်လို့ နယူးယောက်အခြေစိုက် အင်းနားစီးတီး ပရက်စ်က သတင်းထုတ် ပြန်ပါတယ်။

ကုသမဂ္ဂကတော့ တရားဝင်မထုတ်ပြန်သေးပေမယ့် ဒီသတင်းဟာ ကုလသမဂ္ဂသတင်းရင်းမြစ် အတော်များများကနေရရှိတာပါလို့ ဆိုပါတယ်။ မစ္စတာဂမ်ဘာရီကို ခုလဆန်းပိုင်းမှာ ဒါဖောအရေး အာဖရိကသမဂ္ဂနဲ့ကုလသမဂ္ဂ ပူးတွဲညှိနှိုင်းဆောင်ရွက်ရေးဌာနကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးနောက် မြန်မာကိုယ်စားလှယ်တာဝန်ဆက်ယူ မယူဆိုတာကို လူအများသိချင်နေချိန်မှာ ခုသတင်းထွက်ပေါ်လာပါတယ်။ အိန္ဒိယ သံတမန်ဟောင်း ဗီဂျေးလ်းနမ်ဘီရာဟာ ကုလသမဂ္ဂရဲ့လက်ထောက် အတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်နေသူဖြစ်ပြီး မစ္စတာဘမ်ကီမွန်းရဲ့ ဝန်ထမ်းရေးရာ အကြီးအကဲအဖြစ် ၂၀၀၇ ခုနှစ်ကတည်းက တာဝန်ယူခဲ့သူလည်း ဖြစ်ပါတယ်။

အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ရဲ့ အထူးအကြံပေးအဖြစ်လည်း တာဝန်ထမ်းဆောင်ဖူးပါတယ်။ သူဟာ အိန္ဒိယ အမျိုးသားလုံခြုံရေးကောင်စီအတွင်းဝန်အိန္ဒိယနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းသံအမတ်၊ ပါကစ္စတန်၊ တရုတ်၊ မလေးရှား၊ အယ်လ်ဂျီးရီးယားနဲ့ အာဖဂ္ဂန်နစ္စတန်ဆိုင်ရာ သံအမတ်ကြီးအဖြစ်တာဝန်ထမ်းရွက်ဖူးပါတယ်၊ အိန္ဒိယနိုင်ငံမှာနေထိုင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရရဲ့ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးဝန်ကြီး ဒေါက်တာတင့်ဆွေကတော့ မြန်မာပြည်အတွက် ကုလသမဂ္ဂရဲ့ ဆောင်ရွက်ခဲ့မှုတွေဟာ အားရစရာမရှိတဲ့အတွက် ကိုယ်စားလှယ်အသစ်ပြောင်းရင်လည်း မြန်မာပြည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိရေးအတွက် မျှော်လင့်စရာ သိပ်မရှိဘူးလို ပြောကြားပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တွေကို လုံခြုံရေးကောင်စီက ကျောထောက်နောက်ခံပေးထားပြီး လုပ်ပိုင်ခွင့်ပိုပေးဖို့ကိုလည်း ဦးတင့်ဆွေက တောင်းဆိုပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နအဖစစ်အစိုးရတို့အကြား ကြားဝင်စေ့စပ်ပေးဖို့ ၂၀၀၀ ပြည့်နှစ်လောက်ကလည်းက အထူးကိုယ်စားလှယ်တွေ ခန့်အပ်တာဝန်ပေးခဲ့ပေမယ့် ခုထိအောင်မြင်မှုမရှိသေးပါဘူး။ အိန္ဒိယသံတမန်ဟောင်း ဗီဂျေးနမ်ဘီရာကို တရားဝင်ခန့်အပ်ရင်တော့ သူဟာ မလေးရှားသံတမန်ဟောင်း မစ္စတာရာဇာလီအစ္စမေးလ်နဲ့ နိုင်ဂျီးရီးယားသံတမန်ဟောင်း အီဘရာဟင် ဂမ်ဘာရီတို့အပြီး တတိယမြောက်မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်တဦး ဖြစ်လာမှာပါ။

# ပြည်သူ့စစ်ဖွဲ့ရေး အကျစ်အကျစ်အေး မြောက်ပိုင်း တပ်မှူးများ ဆွေးနွေးနေဆဲ

**DVB l ဒီဇင်ဘာ ၂၂။** ။ စစ်အုပ်စုက တောင်းဆိုထားတဲ့ ပြည်သူ့စစ်အသွင် ပြောင်းရေးနဲ့ ပတ်သက်ပြီး ငြိမ်းအဖွဲ့တခုဖြစ်တဲ့ ရှမ်းပြည်မြောက်ပိုင်းတပ်မတော်က အကြိတ်အနယ် ဆွေးနွေးနေတယ်လို့ ပြောပါတယ်။

SSA မြောက်ပိုင်းဌာနချုပ်ရှိရာ သီပေါမြို့နယ် စိန်ကျော့ဒေသမှာ တပ်မှူးတွေက အခုလ ၈ ရက်နေ့ကနေ ၁၈ ရက်နေ့ အထိ ၁၀ ရက်ကြာ ဆွေးနွေးခဲ့ပြီး၊ အတိအကျ ဆုံးဖြတ်ချက်တွေ မချနိုင်သေးတာကြောင့်လို့ ဆိုပါတယ်။ အဓိကတော့ နအဖဘက်က တောင်းဆိုထားတဲ့ တပ်ဖွဲ့ဝင် အင်အားစာရင်းနဲ့လက်နက်စာရင်းအပေါ် နအဖဘက်က ကျေနပ်မှုမရှိသေး ဘူးလို့ ပြောပါတယ်။ ဒါကြောင့် လာမယ့် ၂၄ ရက်နေ့မှာ တပ်မှူးများညီလာခံကို ထပ်မံပြုလုပ်ပြီး ဆွေးနွေးကြမှာဖြစ်ပါတယ်။

ပြည်သူ့စစ်ဖွဲ့ရေးကိစ္စမှာ အစက ထိပ်ပိုင်းအရာရှိတချို့ရဲ့ ဆုံးဖြတ်ချက်နဲ့သာလုပ်ဆောင်ခဲ့တာဖြစ်ပြီး၊ အခုတခါမှာတော့ အောက်ခြေအဆင့် တပ်ရင်းတွေက အရာရှိတွေရဲ့ သဘောထားတွေလည်း သိနိုင်အောင်ဌာနချုပ်ဆီ စာရေးတင်ပြကြဖို့လည်း ကမ်းလှမ်းထားတယ်လို့ ရှမ်း သတင်းရပ်ကွက်တခုက ပြောပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး SSA မြောက်ပိုင်းကို ဆက်သွယ်ဖို့ကြိုးစားပေမယ့် မရခဲ့ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ထိုင်းအခြေစိုက် ရှမ်းသံတော်ဆင့်သတင်းစဉ် အယ်ဒီတာဦးစိန်ကြည်ကို မေးကြည့်ရာမှာ အခုလိုပြောပြပါတယ်။

"တပ်ကိုင်ထားတဲ့ တပ်မှူးတွေ ခပ်များများက သိပ်သဘောမတွေ့ဘူး၊ သူတို့ တပ်မဟာ ၃ ခု ရှိတယ်၊ တပ်မဟာ ၁၊ ၃၊ ၇၊ တပ်မဟာတိုင်း၊ တပ်မရင်းမှူးတပ်မဟာမှူးတွေခပ်များများက သူတို့အထဲကလူတွေ သူတို့စာရင်း မပေးချင်ဘူး၊ အဲဒါကြောင့် ၇၀၀၊ ၈၀၀ ပြည့်ဖို့ဆိုတာ တော်တော်ခက်နေတယ်ပြောတယ်။ အခု အများဆုံးရတာ ၃၀၀၊ ၄၀၀ ပဲရှိတယ်လို့ပြောတယ်၊ နအဖဆီကို နောက်ထပ်စာရင်းပေးဖို့က တပ်မှူးတွေပြောတာ အချို့သူတို့လူကြီးတွေပေါ် သူတို့က သိပ်ပြီးတော့ အားမလို အားမရဖြစ်တာပေါ့။"

အခုဆက်လုပ်မယ့် ဆွေးနွေးပွဲမှာ တပ်မှူးတွေအကြား ညှိနှိုင်းဆွေးနွေးနိုင်လိမ့်မယ်လို့ မျှော်လင့်ရပြီး၊ တပ်တွင်း သဘောထားကွဲမှာကို သူတို့က မလိုလားကြဘူးလို့ပြောပါတယ်။ အလားတူ အခုလို အကျပ်အတည်းမျိုးကို ကျန်မဟာမိတ်အဖွဲ့တွေဖြစ်တဲ့ ကချင်၊ မိုင်းလား၊ ဝစတဲ့ ငြိမ်းအဖွဲ့တွေအားလုံးလည်း ရင်ဆိုင်ရနိုင်ပြီး၊ ပြဿနာတွေ ပြေလည်ဖို့ကတော့ နအဖစစ်အစိုးရပေါ်သာ မူတည်နေတယ်လို့ ဦးစိန်ကြည်က ပြောပါတယ်။

"မဖြစ်မနေလုပ်မယ် အတင်းအကျပ်လုပ်မယ်၊ ဖြစ်ကိုဖြစ်ရမယ် ဆိုပြီးတော့ ဇွတ်အတင်းဆိုရင်တော့ တဖက်ကလည်း မလိုက်လျောနိုင်ရင် အကြမ်းပတမ်းနည်းတော့ ဖြစ်လာဖို့ အလားအလာများတာပေါ့။ သူတို့လည်း ကိုယ့်တပ်ကို ကောင်းကောင်းမွန်မွန် သူတို့ဟာသူတို့ ပြင်ဆင်မှုအနေအထား လုပ်ထားနေပြီပဲ၊ အဖွဲ့တိုင်းလိုလိုက၊ အကောင်းဆုံးကို မျှော်လင့် တယ်၊ အဆိုးဆုံးအတွက် သူတို့ ကောင်းကောင်းပြင်ထားတယ်။ ဒါကြောင့် နောက်ဆုံးကတော့ နအဖအပေါ်မှာပဲ မူတည်တာပေါ့။"

အလားတူ ငြိမ်းအဖွဲ့တခုဖြစ်တဲ့ ကိုးကန့်တပ်ဖွဲ့အတွင်းကိုလည်း ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက စစ်အုပ်စုက ဖြိုခွဲတိုက်ခိုက်ခဲ့ပြီး၊ ဆန့်ကျင်သူ ဖုန်ကြားရှင်ရဲ့ဥက္ကဋ္ဌနေရာအစား သြဇာခံတဲ့ ပိုင်စုံချိန်ကို အာဏာပေးအပ်ပြီး နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို ဖွဲ့စည်းသွားပါတယ်။

# သုံးဆယ်ဆည် ရေမလွှတ်သေး၍ နွေစပါးစိုက်မည့်သူ ဒုက္ခရောက်

**DVB l ဒီဇင်ဘာ ၂၂။** ။ ပဲခူးတိုင်း သာယာဝတီမြို့နယ်တွင်း နွေစပါးစိုက်ဖို့ ရေလွှတ်ပေးမယ်လို့ အာဏာပိုင်တွေကပြောဆိုခဲ့ပေမယ့် အခုအချိန်အထိ ရေမလွှတ်ပေးနိုင်သေးတာကြောင့် နွေစပါးစိုက်ဖို့ စောင့်ဆိုင်းနေတဲ့ လယ်သမားတွေ ရာသီချိန် မမီတော့မှာကို စိုးရိမ်နေကြပါတယ်။

သာယာဝတီအရှေ့ခြမ်းကလယ်တွေ နွေစပါးစိုက်ရမယ်လို့ မြို့နယ်အာဏာပိုင်တွေက ပြီးခဲ့တဲ့နိုဝင်ဘာလဆန်းက ညွှန်ကြားခဲ့ပြီး ဒီစီမံကိန်းအရ သုံးဆယ်ဆည်ကနေ ရေလွှတ်ပေးမယ်လို့ပြောဆိုခဲ့ပါတယ်။ ဒီလဆန်း ၁ ရက်က ရေစမ်းလွှတ်ပေးခဲ့ပေမယ့် ဆည်ရေတံခါး အခက်အခဲနဲ့ ရေမြောင်းတွေ အခက်အခဲကြောင့် အခုအချိန်အထိ ရေလွှတ်မပေးနိုင်သေးပါဘူး။ တလနီးပါးကြာပြီ ဖြစ်ပေမယ့် သာယာဝတီအရှေ့ခြမ်းဘက်ကို ရေမရောက်သေးတဲ့အတွက် နွေစပါးစိုက်ဖို့ပြင်ဆင်နေတဲ့ တောင်သူတွေ ဆုံးရှုံးမှာစိုးရိမ်နေကြတယ်လို့ လယ်သမားတဦးက ပြောပါတယ်။

"သာယာဝတီ အရှေ့ခြမ်း ပဲမစိုက်ရဘူးဆိုတော့ စပါးစိုက်ချင်နေတာပေါ့။ သူတို့က ရေကို အခုအထိ ပို့မပေးနိုင်ဘူး။ မြောင်းတွေက ရေလွှတ်လိုက် ပျက်စီးလိုက်ဖြစ်နေတယ်။ အခု လိုက်ပြုပြင်နေရတုန်းပဲ။ စိုက်မယ့် ရာသီက နောက်ကျသွားရင် ဟိုဘက်မိုးနဲ့ရောသွားမှာလည်း စိုးရိမ်နေရတယ်၊ ရေလွှတ်စေချင်နေပြီ"။

ရှေ့လဆန်းထဲမှာ ရေလွှတ်ပေးရမှာလေ၊ ဗမာလိုဆိုရင် တန်ဆောင်မုန်းလပြည့်ကျော်လောက်ပေါ့၊ အခု နတ်တော်လကုန်သွားပြီ၊ နောက်ကျနေပြီ၊ ရေက မလာသေးဘူး၊ လယ်သမားတွေကတော့ စိတ်ပူနေကြတာပေါ့၊ ကုန်းဘက်ကျတဲ့ လယ်တွေကို ပဲစိုက်ခွင့်ပေးထားတယ်လေ၊ နိမ့်တဲ့ဘက်ကျတဲ့ လယ်သမားတွေကျတော့ ပဲမစိုက်ရတော့ ရေကို မျှော်လင့်နေကြတာပေါ့။"

လက်ရှိအနေအထားမှာ ရေမြောင်းတွေကို ပြန်လည်ပြင်ဆင်နေတဲ့ အတွက် လာမယ့်အပတ်ကျမှ ရေလွှတ်ပေးနိုင်မယ်လို့ အာဏာပိုင်တွေဘက်က ပြောဆိုနေပေမယ့် ဘယ်လို ပြဿနာတွေ ဖြစ်ပေါ်လာဦးမလဲ ဆိုတာ မသိရသေးဘူးလို့ဆိုပါ တယ်။ သာယာဝတီအရှေ့ခြမ်းက လယ်သမားတွေဟာ တခါမှနွေစပါးမစိုက်ဖူးသေးတာကြောင့် ဆည်ရေ ဘယ်နေရာအထိရောက်မယ်ဆိုတာ မသိကြသေးဘဲ၊ ရေမရောက်ဘူးလို့ထင်တဲ့နေရာတွေမှာ ပဲစိုက်ကြပါတယ်။ ရေမြောင်းနဲ့နီးတဲ့နေလယ်တွေကတော့ နွေစပါးစိုက်ဖို့ ပြင်ဆင်နေကြပေမယ့် ရေလွှတ်ချိန်နောက်ကျလို့ဖြစ်ပေါ်လာမယ့် ဆုံးရှုံးမှုတွေကို အဲ့ဒီလယ်မားက ရှင်းပြပါတယ်။

"မတ်ပဲရောင်းရငွေက ဒီစပါးထက်ရတယ်လေ၊ သို့သော် မယကက လက်ရှိ စပါးစိုက်ရမယ်လို့ ကြေညာထားတယ်။ အချိန်မီ အခါမီစိုက်ချင်တာပေါ့၊ လယ်သမားတဦးကို ရှစ်ကေသာလုပ်ပိုင်ခွင့်ရှိတယ်။ အဲဒီ ၈ ကေမှာ ပဲစိုက်လို့ရတဲ့အချို့လယ်သမားကျတော့ ၅ ကေပဲ စိုက်တယ်။ အချို့ကျတော့ လုံးလုံးလွှတ်ပြီး စောင့်နေကြတယ်ပေါ့၊ လယ်သမားဦးရေတွေက အများကြီးပဲ စောင့်နေကြတယ်။ ခါတိုင်းက ပဲအရင်စိုက်တဲ့ဟာကို သူက မဖြစ်မနေစိုက်ရမယ်ဆိုတော့ အဲဒီရေကို စောင့်နေကြတယ်။ ၁၀ ရက်နေ့က လွှတ်မယ်ဆိုပြီး မလွှတ်တော့ တလနောက်ကျတော့ မိုးစပါးနဲ့ရောသွားတယ်၊ ပိုပြီး ဒုက္ခတွေ ရောက်ကုန်တယ်။"

ရေလွှတ်ဖို့ လယ်သမားတွေဘက်က ပူဆာနေတဲ့တွက် လိုအပ်တာထက် ဆည်ရေပိုလွှတ်ရင် စိုက်ပြီးသားပဲခင်းတွေထဲ ရေဝင်ပြီး ဆုံးရှုံးမှာကိုလည်း စိုးရိမ်နေကြပါတယ်။ အာဏာပိုင်တွေက နွေစပါးစိုက်ပျိုးဖို့သာ ညွှန်ကြားပေမယ့် ဘယ်လယ်ကို ဆည်ရေရောက်မယ်၊ ဘယ်လယ်ကို ရေမရောက်ဘူးဆိုတာ လယ်သမားတွေကို တိတိကျကျ မပြောထားပါဘူး။ စပါးကို အားထားပြီး ဆည်ရေမျှော်တဲ့ လယ်သမားတွေက နွေစပါးရာသီမှာ ရေအပြည့်မရမှာနဲ့ လုပ်ငန်းမကျွမ်းကျင်သေးလို့ ဆုံးရှုံးမှာကို စိုးရိမ်နေပါတယ်။

# ကျောင်းသားလူငယ် ၁၁ ဦး အမှုတွဲကို တရားရုံးတင်လိုက်ကြောင်း

**DVB၊ ဒီဇင်ဘာ ၂၁။** ။ စက်တင်ဘာလဆန်းပိုင်းမှာ ရခိုင်ပြည်နယ် စစ်တွေမြို့က ဖမ်းဆီးခဲ့တဲ့ ကျောင်းသားလူငယ် ၁၁ ဦးက ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၇ ရက်နေ့က အင်းစိန်ထောင်တွင်း အနောက်ပိုင်းခရိုင်တရားရုံးမှာ အာဏာပိုင်တွေက တရားရုံးတင်လိုက်ပြီလို့ သိရပါတယ်။

သူတို့ကို မတရားအသင်းဆက်သွယ် မှုပုဒ်မ–၁၇ (၁)၊ နယ်စပ်ဖြတ်ကျော်မှုလူဝင်မှုကြီးကြပ်ရေး ပုဒ်မ–၁၃ နဲ့ အနောက်ပိုင်းခရိုင် တရားရုံး ဒုတရားသူကြီး ဦးမြင့်စန်းက စစ်ဆေးမှာဖြစ်တယ်လို့ သူတို့ရဲ့ ရှေ့နေဦးကျော်ဟိုးက ပြောပြပါတယ်။ အသက် ၂၀ ရွယ် ရခိုင်လူငယ် ခိုင်ကျော်မိုး၊ ကိုကျော်ဝင်း၊ ကိုထွန်းလင်းကျော်အပါအဝင် ၁၁ ဦးဖြစ်ပါတယ်။ သူတို့အတွက် ရှေ့နေအဖြစ်လိုက်ပါပေးမယ့် ဗဟိုတရားရုံးရှေ့နေဦးကျော်ဟိုးက အမှုတွဲပိုင်ပါ ဖော်ပြချက်တွေကိုအခုလို ပြောပြပါတယ်။

"သူတို့က ထိုင်းနိုင်ငံမှာရှိတဲ့ ရခိုင်အဖွဲ့တခုပဲဗျ၊ ရခိုင်ဘယ်အဖွဲ့လည်း မသိဘူး၊ အဲဒီအဖွဲ့အစည်းနဲ့ ဆက်သွယ်ပြီးတော့ သင်တန်းတွေသွားတက်ပြီး ပြန်လာတယ်၊ ဒီမှာ ဖွဲ့စည်းပြီးတော့ လုပ်ရှားတယ်ဆိုပြီးတော့ သူတို့ကို အသင်းအဖွဲ့ဥပဒေပုဒ်မ ၇ နဲ့ တရားစွဲထားတယ်။ ကျနော်နဲ့ အပ်တဲ့သူတွေက ရခိုင်ကျော်မိုး၊ ကျော်ဝင်း၊ ထွန်းလင်းကျော်၊ အားလုံး ၁၁ ယောက်၊ ဒါက အမှုတခု၊ နောက်ပြီး ထွန်းလင်းကျော်အပါအဝင် ဖ ဦး က ပုဒ်မ လူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃–၁ နဲ့ ဒါက ဖ ယောက်တမှု၊ သူတို့စစ်မယ့် တရားရုံးက အနောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး–၁ ဦးနုစန်းပေ့ါ။"

သူတို့အမှုကို လာမဲ့ ဗုဒ္ဓဟူး ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ တရားလိုဖက်ကို စတင်စစ်ဆေးမယ်လို့လည်း ရှေ့နေ ဦးကျော်ဟိုးက ပြောပြပါတယ်။ ဒီသတင်းနဲ့ တဆက်တည်းမှာ လောလောဆယ် စစ်ဆေးနေတဲ့ နောက်ထပ်အမှုတွဲ တခုဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးဆုတောင်းနေတဲ့ အင်္ဂါဘုရားဖူးအဖွဲ့က ဒေါ်နော်အုန်းလှအပါအဝင် ၄ ဦး က ဒီကနေ့ တရားရုံးမှာ အပြစ်မရှိကြောင်း ငြင်းဆိုခဲ့တဲ့ အမှုနောက်ဆုံးအခြေအနေကို အကျိုးဆောင်ပေးနေတဲ့ ရှေ့နေဦးကျော်ဟိုးကပဲ အခုလိုပြောပြပါတယ်။

"ဒီနေ့ ပြန်ခေါ်သက်သေ တယောက်စစ်တယ်၊ သွားတဲ့အခါကျတော့ သူတို့ စွဲချက်နဲ့ပတ်သက်လို့ မေးတယ်၊ ခင်ဗျားတို့မှာ အပြစ်ရှိလား မရှိဘူးလား ဆိုတော့ ဒေါ်နော်အုန်းလှကတော့ အပြစ်မရှိဘူးပေ့ါ၊ မကွေးကျောင်းတိုက် ဆရာတော်ကို အဲဒီ ကမ္ပဝါစာမကပ်ဘူး၊ မကပ်ခဲ့ဘူးပေ့ါ၊ ကပ်ခဲ့တယ်ဆိုတာ မဟုတ်ဘူး၊ ဒါကြောင့် အပြစ်မရှိဘူး။ ကျန်တဲ့သုံးယောက်ကလည်း ဒေါ်နော်အုန်းလှရဲ့ မကွေးကျောင်းတိုက်ဆရာတော်ကို အဲဒီကမ္ပဝါစာတွေ မကပ်ခဲ့တဲ့အတွက်ကြောင့် နော်အုန်းလှမှာ အပြစ်မရှိသလို သူတို့မှာလည်း အပြစ်မရှိဘူး၊ ဒါပြီးမှ လာမယ့်ရုံးချိန်းမှာ သူတို့တရားခံစစ် စစ်မယ်လေ။"

တရားခံအဖြစ် စွဲဆိုခံရသူတွေက အပြစ်မရှိဘူးလို့ ငြင်းဆိုခဲ့တဲ့အတွက် ဒီအမှုကို ဥပဒေအရ တရားခံနဲ့တရားခံပြသက်သေတွေကို တရားရုံးက လာမယ့် တနင်္လာနေ့မှာ ဆက်လက်စစ်ဆေးသွားမယ်လို့လဲ သိရပါတယ်။ နောက်ထပ် အမှုတွဲတခုဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ထောက်ပံ့ကူညီပေးခဲ့တဲ့ ကိုစိန်လှိုင်၊ ကိုရွှေဂျိုး၊ မချို (ခ) မမြင့်မြင့်စန်းတို့ရဲ့အမှုကိုတော့ အနောက်ပိုင်း ခရိုင်ရုံး အယူခံအမိန့်ကို စောင့်နေတဲ့အတွက် မြို့နယ်အဆင့် စမ်းချောင်းတရားရုံးမှာ စစ်ဆေးမှု ခတ္တာရပ်နားထားရတဲ့ အမှုအခြေအနေကိုလဲ အခုလို ပြောပြပါတယ်။

"လောလောဆယ်က သက်သေခံပြ သက်သေတွေ တင်ပြတာကို မြို့နယ်တရားရုံးက ပယ်လိုက်တာကို အမှုသုံးမှုပေ့ါ၊ တခုက မချိုရဲ့သက်သေ၊ သက်သေ ၂ နဲ့ပတ်သက်တယ်၊ နောက်တယောက်က ဦးရွှေဂျိုးရဲ့သက်သေနဲ့ပတ်သက်တယ်၊ ဦးရွှေဂျိုးရဲ့သက်သေကိုလည်း ကျနော်တို့က ရုံးကနေ ဆင့်စာထုတ်ပြီး ခေါ်ပေးပါဆိုတော့ တရားရုံးက လက်မခံဘူး၊ ပယ်လိုက်တယ်၊ ပယ်လိုက်တော့ မစစ်ရဘူးပေ့ါ၊ နောက်တခုက ချုပ်ရက် ဖ လရှိတဲ့ အကြောင်းမပေါ်ဘူး၊ ပေါ်အောင်ဖေါ်ပေးပါပေ့ါ၊ သက်ဆိုင်ရာ သတင်းတပ်ဖွဲ့က တာဝန်ခံအရာရှိနဲ့ ထောင်တာဝန်ခံအရာရှိတွေ ခေါ်ပြီးတော့ ဘယ်နေ့ ဘယ်ရက်က ချုပ်ထားတယ်ဆိုတာ ပေါ်အောင်မေးပေးဖို့ လျှောက်လွှာတင်ထားတာကို ပယ်တယ်၊ ပယ်တဲ့အခါကျတော့ အနောက်ပိုင်းခရိုင်တရားရုံးကို ပြင်ဆင်မှု သုံးမှုတင်တာပေ့ါ၊ တင်တဲ့အခါကျတော့ အနောက်ပိုင်းခရိုင်တရားရုံးက သုံးမှုစလုံးကို လက်ခံထားတယ်၊ စဉ်းစားပေးတယ်၊ ဒါကြောင့်မို့လို့ သူ့မူလ စမ်းချောင်းမြို့နယ်တရားရုံးမှာ အမှုက မစစ်တော့ဘူးပေ့ါလေ၊ အမှုတွဲပြန်ရောက်မှ ဆက်စစ်မှာပေ့ါ။"

အင်းစိန်ထောင်တွင်း သီးသန့်တရားရုံးမှာ စစ်ဆေးနေတဲ့ နိုင်ငံရေးလှုပ်ရှားသူတွေရဲ့ အမှုနဲ့ပတ်သက်ပြီး ဒီအမှုတွေကို လိုက်ပါပေးနေတဲ့ ဗဟိုတရားရုံး ရှေ့နေဦးကျော်ဟိုးရဲ့ ပြောပြချက်တွေဖြစ်ပါတယ်။

---

# နယ်ခြားကော်မိတီ စည်းဝေးပွဲလုပ်

**DVB၊ ဒီဇင်ဘာ ၂၁။** ။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံ နယ်ခြားစောင့်ကော်မိတီတွေက မောင်တော နယ်စပ်ဒေသ စိစစ်ရေးနဲ့ကွပ်ကဲရေးဌာန နစကဌာနချုပ်မှာ ပြီးခဲ့ တဲ့ ၁၉ ရက် နေ့က အစည်းအဝေးတရပ်ပြုလုပ်ခဲ့ပါတယ်။

ဘင်္ဂလားဒေ့ရှ်–မြန်မာ နှစ်နိုင်ငံနယ်ခြားကော်မိတီတွေက နယ်စပ်လူဝင်လူထွက်နဲ့ မူးယစ်ဆေးကိစ္စနဲ့ပတ်သက်ပြီးဆွေးနွေးခဲ့ကြတာလို့ ဘင်္ဂလား ဒေ့ရှ်နယ်စပ် ကော့ဘဇားမြို့မှာနေတဲ့ စောင့်ကြည့်အကဲခတ်တဦးကပြောပါတယ်။

"ဒီရွာပေ့ါ ဘင်္ဂလားဒေ့ရှ်မှာ အဲဒီမှာပေ့ါ မီဒီယာနဲ့နီးစပ်တဲ့လူက ပြောတာက အဓိက ဗမာပြည်က ဝင်လာတဲ့လူတွေကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စ၊ ခြံစည်းရိုးနယ်မြေကိစ္စ၊ အဲဒီကိစ္စတွေကို ဆွေးနွေးတယ်။ ဒါပေမယ့် အဲဒီခြံစည်းရိုး ကိစ္စအတွက်ကို အကြီးအကျယ်ဆွေးနွေးဖို့တော့ လုပ်မယ်။"

မြန်မာ နစက ဗိုလ်မှူးတွေနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်ကဒေသအကြီးအကဲ ၅ ယောက် တက်ရောက်ဆွေးနွေးခဲ့ကြတယ်လို့ပြောပါတယ်။ အဲဒီအစည်းအဝေးအပြီးမှာ ဘင်္ဂလားဒေ့ရှ်ကနေ ဖမ်းဆီးထားတဲ့ ရခိုင်အမျိုးသားငါးဦးကို ပြန်လွှတ်ပေးလိုက်တယ်လို့ သူက ဆက်ပြောပါတယ်။

"အစည်းအဝေး ဆုံးဖြတ်ပြီးတဲ့အချိန်မှာ ဘင်္ဂလားဒေ့ရှ်ကနေပြီးတော့ အဖမ်းခံထားရတဲ့ ရခိုင်အမျိုးသား ၅ ဦးကို လွှတ်ပေးလိုက်တယ်၊ သူတို့ကတော့ မနှစ်က ဆံတော်ရှင် ဘုရားဖူးသွားတဲ့အချိန်မှာ အဖမ်းခံရတယ်၊ သူတို့ ပတ်စ်ပို့ မပါဘဲ သွားတယ်ဆိုပြီးတော့ အဖမ်းခံသွားရတယ်၊ ဒီဇင်ဘာမှာဘဲ အဖမ်းခံရပြီး သူတို့ကို ထောင် ဖ လစီ ချတယ်။ ဒါပေမယ့် ထောင် ဖ လပြည့်ပြီး လွှတ်ကိုမလွှတ်လာဘူး၊ တနှစ်ပြည့်ခါနီး စနေနေ့က အစည်းအဝေးမှာ သူတို့ ၅ ယောက်ကို လွှတ်ပေးလိုက်တယ်။ ဘင်္ဂလားဒေ့ရှ် က ဖမ်းထားတဲ့ စက်လှေနှစ်စီးကိုပါ လွှတ်ပေးလိုက်တယ်။"

လာမယ့် ၂၈ ရက်နေ့ကျရင် မြန်မာ ဒုနိုင်ငံခြားရေးဝန်ကြီးဦးမောင်မြင့် ဘင်္ဂလားဒေ့ရှ်ကို သွားဖို့ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးမယ်လို့ မနေ့ကထုတ် ဘင်္ဂလာဒေ့ရှ်သတင်းစာမှာ ဖော်ပြထားပါတယ်။ နှစ်ရက်ကြာဆွေးနွေးမယ့် ဒီဆွေးနွေးပွဲကျရင် မြန်မာနိုင်ငံဘက်က ရိုဟင်ဂျာတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း မောင်းထုတ်နေတဲ့ကိစ္စကို ရပ်တန့်ဖို့နဲ့ ဘင်္ဂလားဒေ့ရှ်မှာရှိနေတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေကို ပြန်လက်ခံဖို့ ဖိအားပေးသွားမှာဖြစ်တယ်လို့ ဘင်္ဂလား ဒုနိုင်ငံခြားရေးဝန်ကြီး မိုဟာမက် မီဂျာရူးကွာရက်စ် Mohamed Mijarul Quayes ကပြောပါတယ်။ အလားတူ နယ်ခြားခြံစည်းရိုးကိစ္စ၊ ပင်လယ်ပြင်ပိုင်နက် အငြင်းပွားတဲ့ကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စတွေလည်း ဆွေးနွေးမယ်လို့ မနေ့ကထုတ်တဲ့ ဘင်္ဂလားဒေ့ရှ်သတင်းစာမှာ ရေးထားပါတယ်။

# စစ်မှန်သောရွေးကောက်ပွဲ၊ အာဏာရှင်ရွေးကောက်ပွဲနှင့် မြန်မာပြည်အနာဂတ်(အပိုင်း-၂)

ဒီအရည်အချင်းမှာ အားနည်းနေတဲ့နိုင်ငံရေးသမားနဲ့ နိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲမှာအရှုံးနဲ့ရင်ဆိုင်ရတတ်သလို ရွေးကောက်ပွဲမှာနိုင်ခဲ့ရင်လည်း လက်တွေ့လုပ်ငန်းဆောင်တာတွေကျရင် ကသောင်းသနင်းဖြစ်တတ်ပါတယ်။ အစိုးရအဖွဲ့တခုမှာ တာဝန်ယူဖို့မျှော်မှန်းတဲ့ နိုင်ငံရေးသမားမှာ ရွေးကောက်ခံခဲ့ရရင် သက်ဆိုင်ရာနယ်မြေမှာ ထမ်းဆောင်ရမယ့်တာဝန်တွေ အစိုးရအဖွဲ့ကော်မတီတွေမှာ ပါဝင်တဲ့အခါ ကိုယ့်ပုခုံးပေါ်ရောက်လာနိုင်မယ့် တာဝန်တွေ၊ အစိုးရဝန်ကြီးဌာနတွေကို တာဝန်ယူဖွဲ့စည်းတဲ့အခါ ဝန်ကြီးဌာနယန္တရားလည်ပတ်ပုံတွေ ကိုယ်ပိုင်ရုံးမှာဘယ်လိုအတွေ့အကြုံနဲ့ ဘယ်လိုအသိပညာရှိတဲ့လူတွေ လိုအပ်တယ်ဆိုတာတွေကို သိရှိနေဖို့အလွန်အရေးကြီးပါတယ်။

တချို့နိုင်ငံတွေမှာ တော်လှန်ရေးကနေ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေရှိတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ပါလီမန်တွေထဲမှာ ပြဿနာတွေတက်လေ့ရှိတယ်။ တော်လှန်ရေးသမားကနေ အမတ်ဖြစ်လာသူတွေကလည်း တော်လှန်ရေးကို စွန့်လွှတ်ပေးဆပ်အနစ်နာခံပြီး အနိုင်ရအောင်နွဲလာတာဆိုတဲ့ မာနတွေရှိတယ်။ အာဏာရှင်ဟောင်းလက်ထက်က ဗျူရိုကရက်လူတန်းစားတွေကလည်း အုပ်ချုပ်ရေးဌာနတွေကို စီမံခန့်ခွဲတာကို အတွေ့အကြုံတွေရှိလာတာဆိုတဲ့ မာနတွေရှိတယ်။ ပညာရှင်တွေကလည်း အသိပညာ၊ ဗဟုသုတနဲ့ပြည့်စုံသူတွေဆိုတဲ့ မာနရှိတယ်။

ဒါပေမယ့် လက်တွေ့မှာကျတော့ ဘယ်သူမှမပြည့်စုံပါဘူး။ တော်လှန်ရေးခေါင်းဆောင်ရဲ့ အတွေ့အကြုံဆိုတာကလည်း Conventional Politics အတွေ့အကြုံမဟုတ်ပါဘူး။ တော်လှန်ရေးခေါင်းဆောင်ဖြစ်တာနဲ့ ဝန်ကြီးဌာနတခုကို ဦးဆောင်စီမံခန့်ခွဲနိုင်တဲ့ အရည်အချင်းရှိနေပါပြီလို့ ဘယ်သူမှတထစ်ချမပြောနိုင်ပါဘူး။ ဒီလိုဘဲ ဗျူရိုကရက်တွေအတွက်ကလည်း သူတို့ဆီရှိခဲ့တဲ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးပုံစံတွေဟာ စနစ်သစ်နဲ့အညီ ပြောင်းလဲမှုတွေအများကြီးရှိတယ်ဆိုတာ နားလည်လက်ခံရမှာဘဲဖြစ်ပါတယ်။

ပညာရှင်တွေဘက်ကလည်း စာတွေ့နဲ့လက်တွေ့ အမြဲတမ်းထပ်တူမကျနိုင်ဘူးဆိုတာကို လက်ခံရမှာဘဲဖြစ်ပါတယ်။ အဓိက က အရွေးကောက်ခံကိုယ်စားလှယ်ဖြစ်လာတဲ့အခါ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ဘယ်လိုဆောင်ကျဉ်းပေးနိုင်မလဲဆိုတာက အစိုးရအဖွဲ့ဝင်တွေ ပြည်သူ့ကိုယ်စားလှယ်တွေအတွက် အရေးအကြီးဆုံးပါဘဲ။ ဒါကိုဘဲ အာရုံစိုက်ရမှာဖြစ်ပါတယ်။

ဒီလိုနားလည်မှုမရှိတဲ့ အစိုးရအဖွဲ့တွေ အကွဲကွဲအပြဲပြဲနဲ့ အပျက်ပျက်အယွင်းယွင်း ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ ဖဆပလ အစိုးရလက်ထက်က ဦး၊ ဗိုလ်၊ သခင် အကွဲအပြဲတွေနဲ့ ဂိုဏ်းဖွဲ့မှုတွေဟာ ဒီလိုအာရုံစိုက်မှု အားနည်းလို့ဘဲဖြစ်ပါတယ်။ ယနေ့ခေတ်အထိမှာလည်း ဒီလို ‘မင်းကဘာလဲ၊ ငါက ဘာလဲ’ ဆိုတာတွေက နိုင်ငံရေးလောကတွေမှာ ရှိနေကြဆဲဘဲ။ အကြောင်းအရာကိစ္စတခုကို ဆွေးနွေးနေတုန်းမှာ မင်းကဘာလဲလို့ တဘက်လူကိုမမေးခင် ပြောနေတဲ့အကြောင်းအရာမှာ ဒီမေးခွန်းမေးဖို့ လိုအပ်သလားဆိုတာ အရင်စဉ်းစားသင့်ပါတယ်။

ငါက ဘာ၊ ဘယ်လိုလုပ်ခဲ့တာ၊ ဘာတွေပေးဆပ်ခဲ့တာတွေမပြောခင် ဆွေးနွေးတဲ့အကြောင်းအရာနဲ့ ဒါက ဆက်စပ်သလားဆိုတာ အရင်စဉ်းစားကြည့်သင့်ပါတယ်။ ဒီလိုစဉ်းစားမှုတွေသာကြိုရှိမယ်ဆိုရင် နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ အချိန်တဝက်ကျော်သက်သာပြီး ဘာလုပ်သင့်သလဲဆိုတာကို ဦးတည်သွားနိုင်မှာအသေအချာပါဘဲ။

## ၂။ အစိုးရဖွဲ့စည်းခြင်း

စစ်မှန်တဲ့ရွေးကောက်ပွဲရဲ့ တခြားလုပ်ငန်းတာဝန်တရပ်ကတော့ အစိုးရဖွဲ့စည်ခြင်းဖြစ်ပါတယ်။ အမေရိကန်၊ ပြင်သစ်နဲ့ ဗင်နီဇွဲလားနိုင်ငံတို့မှာ ရွေးကောက်ပွဲတွေဟာ အစိုးရအဖွဲ့တွေကို တိုက်ရိုက်ရွေးချယ်ပေါ်ပေါက်လာစေပါတယ်။ တချို့နိုင်ငံတွေမှာကျတော့ ရွေးကောက်ပွဲတွေဟာ အစိုးရဖွဲ့စည်ခြင်းကို လွှမ်းမိုးသက်ရောက်မှုရှိစေတတ်ပါတယ်။ ပါတီစုံ၊ ဝါဒစုံ အရွေးကောက်ခံကိုယ်စားလှယ်တွေအကြားမှာ အာဏာခွဲဝေမှုတွေအတွက် ရွေးကောက်ပွဲဟာ အရေးကြီးတဲ့လိုအပ်ချက်တရပ်ပါ။

## ၃။ ကိုယ်စားပြုမှုဖော်ဆောင်ခြင်း

စစ်မှန်တဲ့ရွေးကောက်ပွဲတွေဟာ လုထုကိုကိုယ်စားပြုပါတယ်။ ရွေးကောက်ခံကိုယ်စားလှယ်တွေဟာ လူထုရဲ့ဆန္ဒသဘောထားကို ဆောင်ကျဉ်းပေးတဲ့ လူထုကိုယ်စားလှယ်တွေဘဲဖြစ်ပါတယ်။ ဒါကြောင့်လည်း စစ်မှန်တဲ့ရွေးကောက်ပွဲကနေ ပေါ်ထွက်လာတဲ့အစိုးရဟာ လူ့အဖွဲ့အစည်းတခုလုံးကို ကိုယ်စားပြုထားတဲ့ microcosm လို့ ပညာရှင်များကသတ်မှတ်ကြတာ ဖြစ်ပါတယ်။

## ၄။ မူဝါဒများကို လွှမ်းမိုးထိန်းချုပ်ခြင်း

အစိုးရတွေဟာ အာဏာရှင်စနစ်အစိုးရတွေဖြစ်လာတဲ့အခါ အစွန်းရောက်မူဝါဒတွေ၊ ပြည်သူ့သဘောထားအမှန်နဲ့ မကိုက်ညီတဲ့ မူဝါဒတွေ၊ အာဏာရှင်တွေရဲ့ အကျိုးစီးပွားကိုသာ ကာကွယ်စောင့်ရှောက်တဲ့ မူဝါဒတွေကို ပြဌာန်းတတ်ပါတယ်။ စစ်မှန်တဲ့ရွေးကောက်ပွဲတွေဟာ လူထုကိုကိုယ်စားပြုတဲ့အစိုးရတွေကို ပေါ်ထွက်လာစေနိုင်တာကြောင့် ဒီလို မူဝါဒရေးရာကို အာဏာနဲ့အလွဲသုံးစားပြုလုပ်မှုတွေကို တားဆီးပေးနိုင်ပါတယ်။

## ၅။ ပြည်သူလူထုအား နိုင်ငံရေးအသိပညာ ဖြန့်ဖြူးပေးခြင်း

စစ်မှန်တဲ့ရွေးကောက်ပွဲတခု မပေါ်ထွက်လာခင်မှာ အရွေးခံမယ့် ကိုယ်စားလှယ်လောင်းတွေအတွက် သင့်တော်တဲ့စည်းရုံးရေးကာလတခုရှိဖို့ အရေးကြီးပါတယ်။ ဒီကာလတွေမှာ နိုင်ငံရေးပါတီတွေ၊ အရွေးခံမယ့်ကိုယ်စားလှယ်လောင်းတွေ နိုင်ငံရေးစနစ်တွေနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေ အများအပြားပေါ်ထွက်လာတတ်ပါတယ်။

ဒီလိုသတင်းအချက်အလက်တွေထုတ်ပေးနိုင်ဖို့အတွက် နိုင်ငံရေးအဖွဲ့အစည်းတွေအားလုံးမှာ တန်းတူညီမျှအခွင့်အရေးတွေ ရှိဖို့လိုအပ်ပါတယ်။ ရွေးကောက်ပွဲမတိုင်ခင်ကာလမှာ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ လွတ်လပ်စွာစည်းရုံးဟောပြော ထုတ်ဖော်ပြောကြားခွင့်တွေကို လက်ရှိအစိုးရက ကန့်သတ်ထိန်းချုပ်မှုတွေရှိရင် လက်ရှိအစိုးရရဲ့မူဝါနဲ့ သဘောထားတွေကိုဘဲ စာနယ်ဇင်း၊ သတင်း၊ မီဒီယာတွေကနေဖြန့်ဝေတယ်ဆိုရင် ဒီလိုအခြေအနေမျိုးမှာ ထွက်ပေါ်လာမယ့်ရွေးကောက်ပွဲဟာ စစ်မှန်တဲ့ရွေးကောက်ပွဲမဟုတ်ဘူးလို့ အခိုင်အမာဆိုနိုင်ပါတယ်။

## ၆။ Legitimacy တည်ဆောက်နိုင်ခြင်း

Legitimacy ဆိုတာ လက်တင်စကား Legitimare ကနေဆင်းသက်လာတာဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ to make lawful တရားဝင်ဖြစ်အောင်ပြုလုပ်ခြင်း ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေဟာ စစ်မှန်တဲ့ရွေးကောက်ပွဲဖြစ်ဖြစ် အာဏာရှင်ရွေးကောက်ပွဲဖြစ်ဖြစ် Legitimacy ကို အတိုင်းအတာတခုအထိတည်ဆောက်နိုင်ပါတယ်။ အာဏာရှင်နိုင်ငံတွေမှာ အာဏာရှင်တွေဟာ သူတို့ကိုယ်တိုင်ပါဝင်တဲ့ အစိုးရတွေဘဲဖြစ်ဖြစ်၊ သူတို့ကြိုးကိုင်ထားတဲ့ အစိုးရတွေဘဲဖြစ်ဖြစ် အစိုးရသစ်တွေရဲ့ Legitimacy ရဖို့အတွက် ရွေးကောက်ပွဲတွေ ကျင်းပလေ့ရှိကြပါတယ်။ အာဏာရှင်ရွေးကောက်ပွဲဆိုတာ ဒီလုပ်ငန်းဆောင်တာပေါ်မှာ အဓိကဗဟိုပြုပြီး ထွက်ပေါ်လာကြတာဖြစ်ပါတယ်။

**ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်**

# အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဖော်ဝပ်ဘလော့ပါတီညီလာခံ၌ မြန်မာ့အရေးဆွေးနွေး

**DVB၊ ဒီဇင်ဘာ ၂၀။** ။ မအိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှာ ကျင်းပနေတဲ့ ဖော်ဝပ် ဘလော့ပါတီ All India Forword Bloc Party ကြီးရဲ့ နိုင်ငံလုံးဆိုင်ရာ ၁၆ ကြိမ်မြောက်ညီလာခံမှာ မြန်မာ့နိုင်ငံရေး အခြေအနေ တိုးတက်ပြောင်းလဲရေး ကိစ္စကိုလည်း တင်ပြဆွေးနွေးကြပါတယ်။

ဖေါ်ဝပ်ဘလော့ပါတီ All India Forword Bloc Party ဟာ အိန္ဒိယ အမျိုးသားလွတ်မြောက်ရေးတပ်မတော် အိုင်အန်အေ INA ကို ထူထောင်ခဲ့သူ နေတာဂျီဆူ ဘတ်ချန်ဒရာဘို့စ်ကို ခေါင်းဆောင်အဖြစ်တင်မြှောက်ခဲ့တဲ့ ပါတီဖြစ်ပါတယ်။ မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုတဲ့အနေ နဲ့ ၂၀၀၈ ခုနှစ်အတွက် ဒီပါတီရဲ့ ဆူဘတ်ချန်ဒရာဘို့စ်ဆုကို ပထမဦးဆုံး အကြိမ်ချီးမြှင့်ခဲ့တဲ့ နိုင်ငံရေးပါတီလည်းဖြစ်ပါတယ်၊ ဒီပါတီညီလာခံကို မြန်မာကိုယ်စားလှယ်အဖြစ်တက်ရောက်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဒေါက်တာတင့်ဆွေက အိန္ဒိယနိုင်ငံရေးပါတီကြီး နဲ့မြန်မာဆက်စပ်ပတ်သက်ပုံကို ရှင်းပြပါတယ်။

"ပြီးခဲ့တဲ့နှစ်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို အောလ်အိန္ဒိယားဖေါ်ဝပ်ဘလော့ပါတီရဲ့ ခေါင်းဆောင်ကြီးဖြစ်ပြီး အိန္ဒိယလွတ်လပ်ရေးမှာ သူတို့ရဲ့ ဖခင်ကြီးတဦးဖြစ်တဲ့ ဆူဘတ် ချန်ဒရာဘို့စ်ဆုကို ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ခဲ့တဲ့ ပါတီလဲဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီပါတီနဲ့ ဒေါ်အောင် ဆန်းစုကြည်၊ ဒီပါတီနဲ့ဗမာနိုင်ငံ ဒီမိုကရေစီအရေးဟာ အထင်ကရ သမိုင်းမှတ်တမ်းတင်မယ့် ဆက်ဆံရေးရှိတယ်လို့ပြောနိုင်ပါတယ်။"

ပါတီဝင်ပေါင်း တသိန်းကျော်တက်ရောက်တဲ့ ဒီညီလာခံကြီးမှာ နိုင်ငံတကာ သွေးစည်းညီညွတ်မှုကို ပြသတဲ့အနေနဲ့ မြန်မာကိုယ်စားလှယ်တွေနဲ့အတူ တရုတ်၊ မြောက်ကိုရီးယား၊ ဗီယက်နမ်၊ လာအို၊ ဗင်နီဇွဲလား၊ ကျူးဘား၊ ပါလက်စတိုင်း၊ ပါကစ္စတန်၊ နီပေါ၊ မော်လဒိုက်၊ သီရိလင်္ကာနဲ့ ဘင်္ဂလားဒေ့ရှ် စတဲ့ ၁၃ နိုင်ငံကကိုယ်စားလှယ်တွေလည်း တက်ရောက်ပါတယ်။ မြန်မာ့နိုင်ငံရေးအခြေအနေပြောင်းလဲ တိုးတက်လာရေးနဲ့ပတ်သက်လို့ဒီညီလာခံမှာ ဘာတွေဆွေးနွေး တင်ပြသလဲဆိုတာတွေကို ဒေါက်တာတင့်ဆွေက ရှင်းပြပါတယ်။

"ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာဘာစ်ဝပ်ရှ်ရဲ့ အစီရင်ခံစာထဲမှာလည်း နိုင်ငံတကာ ဆက်ဆံရေးအပိုင်းနောက်ဆုံးကဏ္ဍမှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးကို ပြောင်ပြောင်တင်းတင်း ထောက်ခံတယ်ဆိုတဲ့ အစီရင်ခံစာဖော်ပြချက်မှာလည်းရှိပါတယ်။ အဓိကက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နှစ်ထောင်ကျော်သော နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ကိစ္စကို ထပ်လောင်းတောင်းဆိုဖို့နဲ့ ပိုပြီးအရေးကြီးတာက လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကျင်းပလို့ရှိရင် ဒီရွေးကောက်ပွဲဟာ အန်လယ်ဒီပါတီက တင်ပြထားတဲ့ အချက်ကြီး သုံးချက်အတိုင်း မဟုတ်ဘူးဆိုရင် ဘယ်သူကမှ၊ ဘယ်နိုင်ငံကမှ၊ ဘယ်ပါတီကမှ ထောက်ခံဖို့မသင့်ဘူး။

ဒါကြောင့် ၂၀၁၀ ရွေးကောက်ပွဲဟာ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အားလုံးလည်းပါဝင်တဲ့ ရွေးကောက်ပွဲ ဖြစ်သင့်တယ်။ တချိန်တည်းမှာ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်သင့်တယ်၊ အဓိက က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို ဒီမိုကရေစီနည်းကျပြုပြင်သင့်တယ်ဆိုတဲ့ အချက်ကြီး သုံးချက်ပြည့်စုံမှသာလျှင် ထောက်ခံမှုပေးကြပါလို့ မေတ္တာရပ်ခံခဲ့ပါတယ်။"

---

**စာမျက်နှာ ၂မှ**

ရှိနေသည့်အပြင် လက်ရှိဗဟိုအလုပ်အမှုဆောင်အဖွဲ့အပြင် ထပ်မံ၍ မျက်နှာသစ်များကို ထပ်တိုးချဲ့ရန်ရှိကြောင်း ဦးခင်မောင်ဆွေကပြောပါတယ်။

"လက်ရှိ စီအီးစီ ၁၁ ဦးရှိရာမှာ သတင်းဖြစ်နေတဲ့ ပုဂ္ဂိုလ်ကြီး ၃ ဦး အနားယူမယ်ဆိုတာလည်း သတင်းဘဲရှိပါသေးတယ်။ သူတို့ပါးစပ်ကနေပြီးတော့ ကျုပ်တို့အနားယူတော့မယ်ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြောခဲ့တာလည်းမရှိပါဘူး။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာလည်း ဒီပုဂ္ဂိုလ်ကြီးတွေက အနားယူမယ်ဆိုပြီးတော့ တရားဝင်စာတင်ခြင်းလည်းမရှိပါဘူး။ ကျနော်တို့က လက်ရှိစီအီးစီ ၁၁ ဦးအပြင် နောက်ထပ် မျက်နှာသစ်တွေထပ်ပြီးတော့ တိုးချဲ့ဘို့အချိန်ရောက်လာတဲ့အခါမှာ ထည့်သွင်းတိုးချဲ့ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။" လို့ ပြောပါတယ်။

ထို့သို့ပြုလုပ်မယ့်အစီအစဉ်ကို ဒေါ်အောင်ဆန်းစုကြည်နှင့်စီအီးစီတို့ မျက်နှာစုံညီတွေ့ဆုံသည့်အခါ ဆုံးဖြတ်သွားမယ်လို့ ဦးခင်မောင်ဆွေကဆက်လက်ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့တွေ့ဆုံရန်မှာ တိုင်းပြည်နဲ့လူမျိုးအကျိုးစီးပွားအတွက် နိုင်ငံရေးပါတီတရပ်က တိုင်ပင်ဆွေးနွေးရန်လိုအပ်ပါသည်ဟူသည့် အခြေခံပေါ်မှကြည့်မည်ဆိုပါက ဒေါ်အောင်ဆန်းစုကြည်၏ တောင်းဆိုချက်အတိုင်း သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် လုပ်ပေးရမည်ဖြစ်သည်ဟုလည်း ဦးခင်မောင်ဆွေက ပြောကြားပါတယ်။

လက်ရှိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များမှာ ဦးအောင်ရွှေ ဥက္ကဌ၊ ဦးတင်ဦး ဒု–ဥက္ကဌ၊ ဒေါ်အောင်ဆန်းစုကြည် အထွေထွေအတွင်းရေးမှူး၊ ဦးလွင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် ဦးဝင်းတင်၊ ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှပေ၊ ဦးလွန်းတင်၊ ဦးညွန့်ဝေ၊ ဦးခင်မောင်ဆွေတို့ ဖြစ်ကြပါတယ်။

---

# မဲဆောက်အထည်ချုပ်စက်ရုံမှာ ဆန္ဒပြ

**DVB၊ ဒီဇင်ဘာ ၂၀။** ။ ထိုင်း–မြန်မာနယ်စပ်က မြန်မာအလုပ်သမား ၁ ထောင် ၅ ရာခန့် မဲဆောက်မြို့က အထည်ချုပ်စက်ရုံတခုမှာ ပဋိပက္ခဖြစ်ပွားခဲ့ပါတယ်။ သောကြာနေ့ ညပိုင်းက မြန်မာနိုင်ငံသား ၂ ယောက်ကို မြဝတီမြို့တဘက်ကမ်းက မဲဆောက်မြို့ Top Form အထည်ချုပ်စက်ရုံမှာ ရိုက်နှက်လို့ အစပြုပြီး ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲဟာ ဒီကနေ့ စက်ရုံပိုင်ရှင်က ကြေအေးလို့ ပြီးဆုံးသွားပြီလို့ ဦးဆောင်ပါဝင်ခဲ့ သူတွေက ပြောကြပါတယ်။

Top Form စက်ရုံမှာ အလုပ်လုပ်နေတဲ့ ညီမဖြစ်သူကို သွားကြိုတဲ့ ကိုကုလားလေးနဲ့ ကိုဝေါဆိုသူ ၂ ယောက်ကို စက်ရုံလုံခြုံရေးဝန်ထမ်းလေးဦးက ရိုက်နှက်ခဲ့တဲ့အတွက် ကိုကုလားလေးမှာ မဲဆောက်ဆေးရုံမှာ ဆေးကုသမှုခံယူရပြီး ကိုဝေါမှာ သောကြာနေ့ညမှာ ပျောက်ဆုံးသွားပါတယ်။ ကိုဝေါပျောက်ဆုံးတာကို စိုးရိမ်တဲ့ မြန်မာနိုင်ငံသားအထည်ချုပ်စက်ရုံ အမျိုးသမီးအလုပ်သမား ၁ ထောင် ၅ ရာကျော်က စက်ရုံဝင်းထဲမှာ စနေနေ့ မနက်ထိ ဆန္ဒပြကန့်ကွက်ခဲ့ပါတယ်။ ဆန္ဒပြခဲ့ရတာနဲ့ ပါတ်သက်လို့ ဦးဆောင်ပါဝင် ခဲ့တဲ့ မိန်းကလေးတဦးက ခုလိုပြောပြပါတယ်။

"ဆန္ဒပြတယ်ဆိုတာက မကျေနပ်ချက်တွေကလည်း များတယ်။ ညဖက် ၁၂ ကျော်မှပြန်ရတယ်။ မြန်မာပြည်ကနေ ဒီကိုလာပြီး အလုပ်လုပ်ရတယ်။ ကျမတို့မိန်းကလေးတွေ သူများနိုင်ငံမှာ အလုပ်လာလုပ်ရတဲ့အခါမှာ သူများစော်ကားဖျက်ဆီးရင်လည်း လူမသိဘူး။ "

စနေနေ့ ညနေပိုင်းမှာတော့ မဲဆောက်မြို့ကရဲတွေဟာ သေဆုံးသွားတယ်လို့ယူဆခဲ့တဲ့ ကိုဝေါကို မြဝတီမြို့က ပြန်လည်ခေါ်ဆောင်ခဲ့တဲ့အတွက် အလုပ်သမားတွေဘက်က ဆန္ဒပြတာကိုရပ်ဆိုင်းလိုက်ပါတယ်။ ဒီနေ့မှာတော့ Top Form စက်ရုံက တာဝန်ရှိသူတွေဟာ မြန်မာနိုင်ငံအလုပ်သမားတွေကို မူလအလုပ်ကို ပြန်ဆင်းဖို့ ပြောဆိုခဲ့တယ်လို့ ဆန္ဒပြပွဲမှာ ပါဝင်ခဲ့တဲ့ အခြားအမျိုးသမီးအလုပ်သမားတဦးက ပြောပါတယ်။

"မနက်ဖြန်ကျရင် မြန်မြန်အလုပ်ပြန်ဆင်းပါလို့ သူဌေးကတောင်းဆိုတယ်။ ဘာမှတော့ ထွေထွေထူးထူးတော့ မလုပ်ဘူးပေ့ါ။ လူမသေဘူးဆိုရင် ကျေနပ်တယ်မဟုတ်လားတဲ့။ လူမသေတော့ နည်းနည်းကျေနပ်သွားတယ်လို့ ပြောလိုက်တယ်။"

ဆန္ဒပြစဉ်က ပျက်စီးခဲ့တဲ့ စက်ရုံပိုင်ပစ္စည်းတွေကိုတော့ အလုပ်သမားတွေဘက်က လျော်ကြေးပေးရမယ် မပေးရဘူးဆိုတာတော့ ယခုချိန်အထိ အလုပ်ရှင်ဘက်က မပြောဆိုသေးဘူးလို့ အထည်ချုပ်စက်ရုံက အလုပ်သမားတွေက ပြောပါတယ်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR www.faxtoon.com NO. 459 Dec 16, 2009



# အပ်ထည်လျော့ကျလို့ အထည်ချုပ်လုပ်ငန်းထက်ဝက်ကျော် ပိတ်သိမ်းရဖွယ်ရှိ

**NEJ ၊ ဒီဇင်ဘာ ၂၃ ။** ။ အပ်ထည်ကုန် လျော့ကျလာခြင်းကြောင့် အခုနှစ်ကုန်ပိုင်းမှာ မြန်မာ့အထည်ချုပ်လုပ်ငန်းထက်ဝက်ကျော် ပိတ်သိမ်းရဖွယ်ရှိတယ်လို့ အထည်ချုပ်လုပ်ငန်းအသိုင်းအဝိုင်းက ပြောဆိုပါတယ်။

အော်ဒါချုပ်ထည်များကို လက်ခစားစနစ်နဲ့ လုပ်ဆောင်နေတဲ့ အထည်ချုပ်လုပ်ငန်းများမှာ မြန်မာကျပ်ငွေလဲလှယ်နှုန်း မြင့်လာခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ် တက်လာခြင်းတို့ကြောင့် ကမ္ဘာ့အထည်ချုပ် ဈေးကွက်ပေါက်ဈေးမှာ ဈေးနှုန်းမယှဉ်နိုင်ဘဲ အော်ဒါရရှိမှု လျော့နည်းလာခြင်းဖြစ်ပါတယ်။ အထည်ချုပ်လုပ်ငန်းရှင် အသင်းဝင်တဦးက အခုလိုပြောပါတယ်။

“ဘင်္ဂလားဒေ့ရှ်ကို ထိုင်းကို ယှဉ်ဖို့ဆိုတာ အရမ်းခက်သွားပြီ၊ ဒီမှာ ချုပ်ခက အရမ်းတက်သွားတယ်၊ ဘင်္ဂလားဒေ့ရှ်က မြန်မာလုပ်ခထက် ၅၀ ရာခိုင်နှုန်းလောက် လက်ခလျှော့ပေးနိုင်တယ်။ မြန်မာက မလျှော့နိုင်ဘူး၊ ယှဉ်ဖို့မလွယ်ပါဘူး။ ဒီတခါတော့ သွားမှာပါ”။

မြန်မာ့အထည်ချုပ်လုပ်ငန်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဖက်စပ်နဲ့ ပုဂ္ဂလိကပိုင် အထည်ချုပ်စက်ရုံပေါင်း ၁၃၀ ခန့်ရှိနေပြီး လုပ်သား ၄ သောင်းခွဲခန့်အတွက် အလုပ်အကိုင် ဖန်တီးပေးထားပါတယ်။ ရွှေပြည်သာအခြေစိုက် အထည်ချုပ်လုပ်ငန်းရှင်တဦးက အခုလိုပြောပါတယ်။

“တကယ်လို့ ပိတ်သိမ်းရင် လုပ်သား ၂ သောင်းလောက် ထိမယ်လို့ ခန့်မှန်းတယ်၊ ဖက်စပ်လုပ်နေတဲ့ စက်ရုံတွေနဲ့ နိုင်ငံခြားသားပိုင် စက်ရုံတွေကတော့ အော်ဒါကို မေးထိန်းပြီး လုပ်နိုင်လိမ့် ဦးမယ်ထင်တယ်”။

မြန်မာအထည်ချုပ်လုပ်ငန်းများမှာ ဖြတ်၊ ချုပ်၊ ပို့ စနစ်နဲ့ နိုင်ငံတကာမှ မှာယူနေတဲ့ အထည်များကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အခုနောက်ပိုင်းမှာ အထွေထွေစရိတ်များ မြင့်တက်လာတာကြောင့် အခြားဒေသတွင်း အထည်ချုပ်လုပ်ငန်း လုပ်ကိုင်တဲ့ နိုင်ငံများနဲ့ ယှဉ်ပြီး ဈေးနှုန်းလျှော့ချနိုင်တော့ခြင်းဖြစ်နေတာပါ။ အဲဒီလုပ်ငန်းရှင် ဆက်ပြောတာက…

“အထည်ချုပ်မှာက လျှပ်စစ်နဲ့လုပ်ရတယ်၊ မီးမလာတော့ ဒီဇယ်နဲ့ အလုပ်လုပ်ရတယ်၊ ဒီမှာတင်ပဲ သူများနိုင်ငံက လျှပ်စစ်အတွက် တကျပ်ကုန်ရင် မြန်မာတွေက ၅ ကျပ်ကုန်နေပြီ။”

မြန်မာအထည်ချုပ်လုပ်ငန်းများမှာ တရုတ်၊ ထိုင်ဝမ်၊ ကိုရီးယား၊ ဂျပန်နဲ့ မလေးရှားတို့မှ လာရောက် ရင်းနှီးမြှုပ်နှံထားပြီး၊ မြန်မာနိုင်ငံသားပိုင်စက်ရုံ အနည်းငယ်သာရှိကြောင်း သိရပါတယ်။ အထည်ချုပ် လုပ်သား ၁ ယောက်လစာမှာ အခြေခံလစာ ၁ သောင်းကျပ်ခန့်ဖြစ်ပြီး ချုပ်လုပ်တဲ့ အထည်အရေအတွက် အလိုက် ရရှိနေခြင်းဖြစ်ရာ အမြင့်ဆုံး ၄ သောင်းခွဲခန့်သာရရှိပါတယ်။

“လက်တဖက် တကြောင်းချုပ်ရင် ငါးမူးရတယ်၊ ကော်လံက တစုံကို တကျပ်၊ ချုပ်တဲ့အပေါ်မူတည်ပြီး ခက်ရင် ခက်သလို နှုန်းထားခွဲထားပါတယ်။ တကယ်လို့ အလုပ်မရှိတော့ရင်တော့ ကျဘမ်း၊ လုပ်ကိုင်စားသောက်မယ်”။ ရန်ကုန်မြို့ဝါးတရာကျေးရွာက အထည်ချုပ်အလုပ်သမားတဦးပြောပြတာပါ။

အထည်ချုပ်လုပ်ငန်းရှင်များအနေနဲ့လည်း အထည်ချုပ်လုပ်သားများကို ခေါင်းပုံဖြတ်နေခြင်း မဟုတ်ဘဲ စက်ရုံလည်ပတ်နိုင်ရေးအတွက် ကုန်ကျစရိတ်ကို အတတ်နိုင်ဆုံး လျှော့ချနေခြင်းဖြစ်ကြောင်း သိရပါတယ်။ ဒီလအတွင်းမှာပဲ ရွှေပြည်သာ မလေးရှား အထည်ချုပ်စက်ရုံမှာ အလုပ်သမားများ အလုပ်သမားအခွင့်အရေးအတွက် ဆန္ဒပြမှုတွေ ဖြစ်ပွားခဲ့တယ်လို့သိရပါတယ်။

Voice of Burma


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


**To**

AIR MAIL

PRINTED MATTER